မောင်သာနိုး

# ရစ်သမ်အကြောင်း

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

တစ်ခုတော့ သတိထားရမယ်။
ကဗျာဆိုတာ အကောင်းဆုံး အညွန့်ဆုံး ဘာသာစကားကို
ခေါ်တာဖြစ်တယ်။ သာမန် စကားပြောရာမှာတောင်
စကားပြောကောင်းသူနဲ့ စကားပြောညံ့သူ ရစ်သမ် မတူဘူး။
စကားပြောကောင်းသူဟာ သူပြောနေတဲ့ အကြောင်းအရာအလိုက်
လိုက်ဖက်အောင် ရစ်သမ်ကို ဖန်တီး အသုံးချသွားတတ်တယ်။
ပြောနေတာက စိတ်တက်ကြွဖွယ်ရာ၊
သုံးနေတဲ့ ရစ်သမ်က လေးလေးတွဲ့တွဲ့ ပျင်းရိစရာဆိုရင်
အကျိုးမရှိပေဘူး။
သွက်တဲ့အခါ သွက်၊ နှေးတဲ့အခါ နှေး၊
အကြောင်းအရာအလိုက် ကဗျာဆရာဟာ
သူ့ကဗျာရဲ့ ရစ်သမ်ကို ဖော်ထုတ်ပေးဖို့လိုလိမ့်မယ်။

မောင်သာနိုး

# ရစ်သမ်အကြောင်း

ISBN9789997115416
MTN11
9 789997 115416
2,200.00KS

mgyoe.com

ရုစ်သမ်အကြောင်း၊ မောင်သာနိုး
စာမျက်နှာ ၂၀၇ မျက်နှာ၊ ၁၂·၈စင်တီ × ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၄၊ [illegible]လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ [illegible]၈၇၈၊ မစိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၀ ပြည့်နှစ် နတ်သမီးစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး - ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရစ်သမ်အကြောင်း

## မောင်သာနိုး

ဒုတိယအကြိမ်၊ ၂၀၀၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပုလဲပန်းရဲ့ သဒ္ဒါလင်္ကာရ | ၁ |
| ၂။ | ကဗျာမှာ အသံ | ၂၄ |
| ၃။ | မြန်မာကဗျာရဲ့ ရစ်သမ်သဘော | ၃၅ |
| ၄။ | အချိုးကဗျာရဲ့ အသံစနစ် | ၄၇ |
| ၅။ | ကဗျာရစ်သမ်ဖော်ကျူးပုံ | ၅၆ |
| ၆။ | ကဗျာနဲ့ စကားပြော | ၆၆ |
| ၇။ | ကာရန်မဲ့ကဗျာရဲ့ ဂယက် | ၇၄ |
| ၈။ | မြန်မာလိုမရှိတာနဲ့ မြန်မာမှာ မရှိတာ | ၈၆ |
| ၉။ | ပုဂံရဲ့ ကာရန်စနစ် | ၉၃ |
| ၁၀။ | လူထုကဗျာနဲ့ လူထု | ၁၀၃ |
| ၁၁။ | ရာစုနှစ်အဆက်ဆက် အလိမ္မာ | ၁၁၁ |
| ၁၂။ | ရှေးခေတ်သဒ္ဒဗေဒအသုံးတချို့ | ၁၂၀ |
| ၁၃။ | ပါဠိကဗျာဘယ်လိုဖွဲ့သလဲ | ၁၂၈ |
| ၁၄။ | ကဗျာမြောက်မမြောက်ပြဿနာ | ၁၃၅ |


mgyoe.com

mgyoe.com

၁၅။ သဒ္ဒါလင်္ကာရ ၁၄၃
၁၆။ ကဗျာအားထုတ်မှု ၁၅၅
၁၇။ Poetry And Rhythm ၁၆၆
၁၈။ ကဗျာနဲ့ ရစ်သမ် ၁၇၃
၁၉။ ကာရန်မဲ့စကားပုံ ၁၈၁
၂၀။ စကားပြေဟာရစ်သမ် ၁၈၈
၂၁။ မှိုင်းရဲ့သဒ္ဒါလင်္ကာရ ၁၉၇

❐

mgyoe.com

mgyoe.com

# ပုလဲပန်းရဲ့ သဒ္ဒါလင်္ကာရ

ကျွန်တော်တို့ ငယ်ငယ်တုန်းက ကျွန်တော့်ရဲ့ ဖခင်ကြီးဟာ ညည ဆို ဘုရားစာတွေရွတ်ရင် သူအလွတ်ရတဲ့ 'ပါရမီ' တို့၊ 'ကိုးခန်း' တို့ထဲက လင်္ကာပိုဒ်တွေကို သံနေသံထား မှန်မှန်နဲ့ ရွတ်လေ့ရှိတယ်။ ငယ်စဉ်က တော့ အဓိပ္ပာယ် ဘာမှန်းမသိခဲ့ဘူး။ နားထောင်လို့ အကောင်းသားလို့ တော့ ထင်မိရဲ့။ ဒီလိုနဲ့ 'ဇာတိပုည ဂုဏ်မာနဖြင့်' တို့၊ 'သကျ ရုပ်ကြံ ကြံသမျှ' တို့ ဆိုတာတွေ ကျွန်တော်တို့ နားယဉ်လာခဲ့တယ်။ သီချင်းဆို သလို တချို့ဘုရားစာရွတ်သလို ချွဲချွဲပျစ်ပျစ် ဆွဲဆွဲငင်ငင် မလုပ်ရဘဲနဲ့ ပုံမှန်ရွတ်သွားရုံနဲ့ နားအရသာတစ်မျိုးရှိနေတာကို စွဲမှတ်လာခဲ့မိတယ်။

ခု ကြီးလာတဲ့အခါကျတော့ ဒီကဗျာလေးတွေ ဘာကြောင့် နား အရသာရှိရတာပါလိမ့်ဆိုတာကို မကြာမကြာ စဉ်းစားကြည့်မိတယ်။

ကျွန်တော် တင်ပြလိုတဲ့အချက်ကို သဘောပေါက်ဖို့အတွက် ရှင်မဟာရဋ္ဌသာရရဲ့ ကိုးခန်းပျို့ထဲက လင်္ကာတစ်ပိုဒ်လောက်ကို အသံ ထွက် ဖတ်ကြည့်ဖို့ လိုပါလိမ့်မယ်။ (ပုံမှန်စာဖတ်သလိုပဲ ဖတ်ရပါမယ်။ ရွှေမန်းတင်မောင် 'မဲဇာတောင်ခြေ' ဟဲနည်းမျိုး မလုပ်ပါနဲ့။) ဒါပေမဲ့

mgyoe.com

mgyoe.com


စာတက်စ ကလေးငယ် ဖတ်သလိုမျိုးတော့လည်း မဟုတ်ဘဲ ဌာန်က ရိုဏ်းကျကျ၊ အဖြတ်အတောက် မှန်မှန်၊ လေးလေးပင်ပင်၊ ပီပီသသ ဖြည်းဖြည်းချင်း ဖတ်ရပါမယ်။

မြန်မာကဗျာဟာ ကာရန်ကို အခြေခံပြီး ဖွဲ့ယူတာဖြစ်တယ်။ ဒါကြောင့် အခြားဘာသာများရဲ့ ကဗျာများလို အသံစနစ်မျိုး မြန်မာကဗျာမှာ မရှိဘူးလို့ ကျွန်တော်တို့တစ်ခါက မှတ်ထင်ဖူးတယ်။ ဒါပေမဲ့ ကဗျာဆိုတာ သီချင်းက မြစ်ဖျားခံလာတာဖြစ်လေတော့ အသံကို ပမာမထားဘဲ ကဗျာရေးဖွဲ့လို့ရတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့လည်း တစ်ဖက်က ထင်မိရဲ့။ ကျွန်တော်တို့ တချို့လူငယ်များ ကဗျာစပ်လာတာကို ဖတ်ကြည့်ပြီး 'ထောင့်' နေတယ်လို့ မကြာမကြာ ဝေဖန်လေ့ရှိကြတယ် မဟုတ်လား။

မြန်မာကဗျာမှာ အသံစနစ်ရှိပုံကို လေးလုံးစပ်လင်္ကာတွေ လေ့လာကြည့်ရင်ဖြင့် တယ်မသိသာဘူး။ ဒွေးချိုး လေးချိုး စတဲ့ အချိုးစပ်ကဗျာတွေကို စမ်းကြည့်မှ ပိုပေါ်လွင်တယ်။

ပန်ပါကွယ် ပန်ပါ။
ရွှေဝါဝါ တောင်ပေါ်ဆီ
ဒီမောင် ယူလာတာ။

ဒါဟာ ဒွေးချိုး လေးချိုးစပ်ဖို့ ကြိုးစားထားတာဆိုရင် 'ထောင့်' တယ်။ တစ်ခုခု 'အသံလို' နေတယ်လို့ ကဗျာနဲ့ကျွမ်းသူတိုင်းက ချက်ချင်း ဝေဖန်မိပေလိမ့်မယ်။ သူ့နဲ့ယှဉ်ပြီး အောက်က ကဗျာလေးကို ဖတ်ကြည့်ပါဦး။

ပန်ပါတဲ့ ပန်ပါ။
ရွှေမင်းဝံ တောင်ပေါ်ရိုးက
ပန်းချိုးလို့လာ။

mgyoe.com

mgyoe.com


ဒီမှာကျတော့ မထောင့်တော့ဘူး။ ဖတ်လို့ညက်နေတယ်။ ပြေပြစ်နေတယ်။ ဒါကို အတတ်ပညာစကားနဲ့ပြောရရင် နိမ့်မြင့်သံ ညီသွားတယ်။ ရစ်သမ်(Rhythm)ရှိလာတယ်လို့ ဆိုပါတယ်။ ဆန်းစစ်ကြည့်ရင် အဲသလို ရစ်သမ်ရှိသွားအောင် တဲ့၊ **မင်း**၊ **ရိုး**၊ **က**၊ **ပန်း**၊ **ချိုး** လို့ အက္ခရာလေးတွေက လုပ်ပေးလိုက်တာဖြစ်ကြောင်း တွေ့ရလိမ့်မယ်။

ကဗျာရစ်သမ်ကို အင်္ဂလိပ်စတဲ့ ဥရောပ ဘာသာစကားအများမှာတော့ အသားပေး ရွတ်ရတဲ့အသံ (Accent or stress) ပါ၊ မပါပေါ် မူတည်ပြီး ဆုံးဖြတ်တယ်။ ပါဠိ၊ သက္ကတ၊ လက်တင်တို့ကတော့ သရ အတိုအရှည်ကို ဂရု–လဟု ခွဲပြီး ဆုံးဖြတ်တယ်။ တရုတ်မှာတော့ တုန်းကိုကြည့်ပြီး သတ်မှတ်တယ်။ မြန်မာဟာ တရုတ်လို တုန်းဘာသာစကားဖြစ်လေတော့ တုန်းကိုကြည့်ပြီးတော့ အသံစနစ်ကို ဆုံးဖြတ်ကြရပါမယ်။

မြန်မာစကားမှာ သရသံတွေဟာ အတက်အကျ စတဲ့သဘောအရ သရတစ်ခုမှာ အသံခွဲ သုံးမျိုးစီရကြတယ်။ **အ** ဆိုတဲ့ သရကနေ **အ**၊ **အာ**၊ **အား** သုံးမျိုး၊ **အိ** ဆိုတဲ့ သရကနေ **အိ**၊ **အီ**၊ **အီး** သုံးမျိုး စသဖြင့်ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က တုန်း(Tone) လို့ ခေါ်တယ်။ မြန်မာမှာ တုန်းသုံးမျိုးရှိတယ်ပေါ့။ (ဆရာ့ ဆရာ တော်တော်များများကတော့လည်း လေးမျိုးလို့ ဆိုကြသေးရဲ့။ **အက်**၊ **အတ်**၊ **အစ်** ဆိုတဲ့ သက်အောင့်သံနဲ့ ဆိုရတဲ့ အသံတွေကို စတုတ္ထတုန်းရယ်လို့ သတ်မှတ်ကြတယ်။ ကျွန်တော်တို့ကတော့ **အ**၊ **အိ**၊ **အု** တို့နဲ့ တစ်ဂိုဏ်းတည်း တုန်းလို့ပဲ မှတ်ယူသွားကြမယ်။) ဒီသုံးမျိုးမှာမှ တုန်း ၂ ဟာ မနိမ့်မမြင့် သံမှန်၊ ဝါ၊ သံပြေ(Level tone) ဖြစ်ပြီး ၁ နဲ့ ၂ က အကျတုန်း (Falling tones) ဖြစ်တယ်။ သံပြေတုန်းကို ပုံမှန်အသံရယ်လို့ သတ်မှတ်လိုက်ပြီး အကျတုန်းတွေကို သံထူး (Deflected tone) ရယ်လို့ သတ်မှတ်

mgyoe.com

mgyoe.com


လိုက်တယ်။ သံမှန်တုန်းနဲ့ သံထူးတုန်းတို့ကို တစ်လှည့်စီ အလှယ်အလှယ် ထည့်သွင်းဖွဲ့သီတာဟာ မြန်မာကဗျာရဲ့ ရစ်သမ်သဘောအခြေခံပါပဲ။

သံမှန်ကို (.)၊ သံထူးကို (–) နဲ့ သင်္ကေတ အမှတ်အသားပြုပြီး ပြရရင် ဒီလိုရမယ်။

ဇာတိ ပုည ဂုဏ်မာနဖြင့် . – . – .. ––

သံပ ဟုံးစုံး ဖက်မဲ့ ကြုံးသား

. . – – . . – –

အားသုံး ထောင်ထား မျိုးလေးပါး၏

. – . – – . – .

တက်ပွားစောင်းမာန် လွှား တံခွန်ကို

. – . . – . . .

ဒီနေရာမှာ သတိပြုစရာလေးတွေကတော့ တုန်း ၁ ရော၊ ၃ ပါ သံထူးလို့ ဆိုပေမယ့် ၃ နဲ့ ယှဉ်လိုက်တဲ့အခါ ၁ ဟာ အားပျော့သွားတယ်။ ဒါကြောင့် သံမှန်ပဲ သဘောထားရမယ်။ တုန်း ၃ ချည်း နှစ်လုံးသုံးလုံးဖြစ်နေရင်လည်း ကာရန်ကျရာ တုန်းကိုသာ သံထူးလို့ သတ်မှတ်တယ်။ 'လွှားတံခွန်' က 'တံ' ဟာလည်း ရွတ်ဆိုရာမှာ တုန်းမရှိဘူး။ ဒါကြောင့် သံမှန်ပဲ။

ရှင်မဟာရဋ္ဌသာရရဲ့ ကဗျာတွေကိုကြည့်ရင် သံမှန်တုန်းနဲ့ သံထူးတုန်း အလှယ်အလှယ်လုပ်ပြီး ရစ်သမ်ဖြစ်အောင် သုံးသွားတာတွေ့ကြရမယ်။ တစ်ခါတလေ တစ်ခုခြားစီ၊ တစ်ခါတလေ နှစ်ခုခြားဆီ ပုံစံအမျိုးမျိုး ရေးဖွဲ့လေ့ရှိတယ်။ မြန်မာလင်္ကာမှာ လေးလုံးတစ်ပါဒ ဖွဲ့ကြရာမှာ လေးလုံးမှာ သံထူးအနည်းဆုံး တစ်ခုပါရှိရင် အသံပြေပြစ်တယ်လို့ ဆိုနိုင်တာပါပဲ။

mgyoe.com

mgyoe.com


မြန်မာကဗျာမှာ ကာရန်ယူရာမှာကိုပဲ အသံစနစ်က စကားပြောပါတယ်။ ကဗျာ မကျွမ်းကျင်သူ တစ်ဦးအဖို့ အသံကို ပဓာနမထားဘဲ ခြေဦးတည့်ရာ ကာရန်တွေ ယူသွားလေ့ရှိပေမယ့် ကဗျာဝါးဝသူကတော့ သူယူမယ့် ကာရန်ကို အသံစနစ်အရ ဆုံးဖြတ်ပြင်ဆင်ပြီးမှ ယူလေ့ရှိတယ်။ ဥပမာ –

**ဓာတိ ပုည ဂုဏ် မာနဖြင့်**

**သံပ ဟုံးစုံး ဖက်မဲ့ ကြုံးသား**

ဒီ သုံးပါဒ ကာရန်အုပ်စုမှာ ကာရန်ယူထားတာက ည၊ န၊ ပ တို့ဖြစ်တယ်။ တုန်း ၁ တွေပေါ့။ သူတို့ အသီးသီးဟာ ကိုယ့်ပါဒမှာကိုယ် သံထူးချည်းပဲ။ အဲသလို တုန်း ၁ တွေချည်းယူလာပြီးတဲ့နောက် ဒုတိယ ကာရန် အုပ်စုမှာကျတော့ ဆရာတော် ရွှေသာရဟာ ပိုပြီးအသံဟိန်းတဲ့ တုန်း ၃ တွေကို (စုံး၊ ကြုံး၊ သုံး) ယူလိုက်ပြန်တယ်။ နောက် ဆက်ပြီးတော့လည်း ဒီအတိုင်းပဲ ယူတယ်။ (ထား၊ ပါး၊ ပွား) အသံတွေဟာ တစ်ဆင့်ထက်တစ်ဆင့် ပိုမြည်ဟိန်းလာသလိုပဲ။ ဒီအခါမှာ ဆရာတော်က နောက်အုပ်စုမှာ အသံကို ဖြေချလိုက်တယ်။ မာန်၊ ချန်၊ ဝှန် ရယ်လို့ သံပြေနဲ့ တစ်အုပ်စု ညှပ်ပေးလိုက်ပါတယ်။ ပြီးတော့မှ တစ်ခါ ပြန်ပြီး တိုင်း၊ လှိုင်း၊ ပိုင်း ဆိုပြီး တုန်း ၃ တုန်းတွေနဲ့ ယူပြန်တယ်။ ဒီလိုနဲ့ ဆရာတော် ကာရန်ယူသွားပုံဟာ လှိုင်းကြီးများ လိမ့်လာသလို တက်သွားလိုက်၊ အိကျသွားလိုက်၊ တက်သွားလိုက်နဲ့ ရှိပါတော့တယ်။ ဒီကာရန် အသံလှိုင်းတွေရဲ့ အရှိန်အဟုန်မှာ ကျွန်တော်တို့ ကဗျာဖတ်သူ၊ နာသူတွေ 'ညို့ချက်မိ' ပြီး ပါသွားရတော့တာပါပဲ။

အဲဒီတော့ ဂန္ထဝင် မြန်မာကဗျာဖွဲ့သီရာမှာ ကဗျာဆိုသူဟာ အချက်သုံးချက်ကို ဂရုပြုပြီး ဖွဲ့သီသွားတယ်လို့ ဆိုရပါမယ်။

(၁) တစ်ပါဒနဲ့ တစ်ပါဒ ကာရန်နဲ့ ဆက်သွယ်ယူသွားတယ်။

mgyoe.com

mgyoe.com


(၂) ယူသွားတဲ့ ကာရန် အုပ်စုများဟာလည်း သံပြေ တစ်လှည့်၊ ကျသံ တစ်လှည့် ဖြစ်နေစေတယ်။

(၃) တစ်ပါဒစီ တစ်ပါဒစီမှာလည်း ကျသံ အနည်းဆုံးတစ်ခုဟာ သံထူးအဖြစ် ပါဝင်နေရတယ်။ 'ဒီ သုံးခု ချက်ပိုင်' မှ ကဗျာရဲ့ ရစ်သမ်ဟာ ချောမွေ့တယ်။ ကဗျာဆရာရဠသာရရဲ့ ကိုးခန်းပျို့ဟာ ဒီပုံစံချည်း ဖြစ်နေတာကို လေ့လာကြည့်ရင် တွေ့နိုင်ပါတယ်။

ထိုခါ နှိုင်းလျော်

ပမာသော်ကား

ကော်ကနုဒ (ကျော်– သော်–ကော်၊ သံပြေ)

ကျော်စောလှသား

ပုပ္ပ ပဒုံ (ဒ–လှ–ဖ၊ သံကျ)

ကြာဖူးငုံလျှင်

တိမ်ခြုံ ပယ်တွန်း(ဒုံ–ငုံ–ခြုံ၊ သံပြေ)

ရဝိ ထွန်းမှု

ပျံ့မွှန်း နံ့ကြွယ် (တွန်း–ထွန်း–မွှန်း၊ သံကျ)

ဆင်း တင့်တယ်လျက်

သွယ်သွယ် ရံသည် (ကြွယ်–တယ်–သွယ်၊ သံပြေ)

သံပြေနဲ့ ကာရန်ယူထားတဲ့ သုံးပါဒ တစ်အုပ်စုက ပါဒတိုင်းမှာပဲ သံကျတုန်းတစ်ခု သံထူးအဖြစ်ပါနေတာ သတိပြုပါ။ ဥပမာ– 'ပမာသော်ကား' မှာ 'ကား'၊ 'ကြာဖူးငုံလျှင်' မှာ 'ဖူး'

ဒီလို အသံနဲ့ ကာရန်ကို တက်လိုက်–ကျလိုက်၊ တက်လိုက်–ကျလိုက် ယူသွားတာဟာ ပုံမှန်ရစ်သမ်ပါပဲ။ အဲဒါကိုမှ တစ်ခါ တာရှည်သွားပြန်ရင် အီမသွားရလေအောင် ကဗျာဆရာက အပြောင်းအလဲလေးတွေ ဖောက်ထည့်ပေးလေ့ရှိပါတယ်။ ကိုးခန်းပျို့ရဲ့ အစဦးဆုံးပိုဒ် 'ဓာတို

mgyoe.com

mgyoe.com


ပုည' မှာ ပြောခဲ့တဲ့ ပုံစံအတိုင်း ဆရာတော် ရဋ္ဌသာ ကာရန် ယူသွားလိုက်တာ၊ ကာရန်အုပ်စု ရှစ်ခု၊ ပါဒအားဖြင့် ၁၇ ပါဒရှိတဲ့အခါကျတော့ ကာရန်ပုံစံကို ၄-၃-၂ ကနေ ၄-၁ ပြောင်း၊ တစ်ခါ ၃-၂ ပြောင်း၊ ပြီးမှ ထုံးစံအတိုင်း ၄-၃-၂ တွေ ဆက်ယူသွားပါတယ်။ ဒီလိုနဲ့ ကာရန်အုပ်စု ခုနစ်ခု၊ ပါဒ ၁၄ ခုရှိသွားပြန်တော့ ၄-၂ ကာရန်တွေ သုံးခု ဆက်တိုက် ထည့်ပေးလိုက်ပြန်တယ်။ အဲဒီနောက် အဆုံးထိ ၄-၃-၂ တွေချည်း ယူသွားပြန်တယ်။ အာဖရိက ဗုံသမားဟာ တီးကွက်တစ်ခုကို မှန်မှန်တီးသွားရာက အတန်ကြာတော့ သွက်သွက်တီးတာကလေး ညှပ်တီးပေးလိုက်၊ ပြီး ပုံမှန်ဆက်တီး၊ တော်တော်ကြာ ခပ်ပြင်းပြင်းကလေး တီးပေးလုပ်နေတာမျိုးပါပဲ။

ကဗျာဆရာဟာ သူဖော်လိုတဲ့ အဓိပ္ပာယ်ကို စကားလုံးအနက်ကို သုံးပြီး အလင်္ကာတွေ၊ ဥပမာ-ဥပစာတွေနဲ့တင်ဖော်တာ မဟုတ်ဘဲ၊ စကားလုံးရဲ့ အသံနဲ့လည်း အားဖြည့်ဖော်ပေးနိုင်ရတယ်။ အဲဒီတော့မှ အဓိပ္ပာယ်က ပြောနေတဲ့သရုပ်ဟာ ပိုပြီး အားကောင်းပီပြင်လာတယ်။ ဒါမှ ကဗျာကောင်းမည်ပါတယ်။ အရှော်စား ကဗျာဆရာဟာ စကားလုံး လှလှကိုသာ အားပြုဖော်ကျူးတတ်ပြီး ကဗျာဆရာကောင်း ပီသလေ အသံကို စစ်ကူယူလေပါပဲ။

အဖန်ဖန်လျှင် တသန္တေမေ
တပေ လျှဉ်းလျှဉ်း တညှင်း ဆိုးဆိုး
တညှိုး လျှလျှ တတ လွမ်းလွမ်း
တသမ်း ဟယ်ဟယ် တတွယ် တာတာ
တဟာ လှိုက်လှိုက် တရှိုက် ငင်ငင်
တပင် ပန်းပန်း တဝန်း လျှားလျှား
ရဟတ် ချားသို့

mgyoe.com

mgyoe.com


ဆိုတဲ့ သံသရာဖွဲ့ဟာ နာမည်ကြီးပေါ့။ ဒီကဗျာပိုဒ်မှာ ဆရာတော် ဟာ ကာရန်ယူပုံကလည်း ၄-၂ ဆိုတဲ့ သွက်လက်တဲ့ စနစ်နဲ့ချည်း ယူထားတယ်။ အသံအရလည်း '. . . 'ဒါမှမဟုတ် '. . . 'ပုံစံချည်း ယူပြီး ချားရဟတ်လည်ပုံ ပေါ်လွင်အောင် သွက်သွက်ကလေး အလှယ် အလှယ် လုပ်ထားပါတယ်။ ဒီလို ရစ်သမ်ကို ကိုယ်လိုတဲ့ အဓိပ္ပာယ်ပေါ် အောင် သွက်ပေးလိုက်၊ နှေးပေးလိုက် လုပ်တာ ဆရာတော်ရဲ့ စာပုလဲပန်း မှာ အများအပြား တွေ့ရပါလိမ့်မယ်။ တစ်ခါ ဟောဒီ လင်္ကာပိုဒ်လေးကို ကြည့်ပါဦး။

ရှင်မွန် ပိပိ လှမ်းချိ ညင်းညင်း
မပြင်း သွားမြဲ လက်လွဲ ညှံ့သက်
မကွက် မလှည့် ရွေ့တည့်တည့်သို့
ကြည့်သည် ယုဂတ် မတ်သည် ဖြောင့်ဖြောင့်
စောင့်သည် ဣန္ဒြေ ဆွမ်းရပ် ထွေသည်

ဒီအပိုဒ်မှာလည်း အထက် အပိုဒ်တုန်းကလိုပဲ ကာရန်စနစ်က ၄-၂ အများစု သုံးထားတာပဲ။ ဒါပေမဲ့ နောက်နားမှာ ၄-၃-၁ တစ်ခါ၊ ၄-၁ နှစ်ခါပါတယ်။ အသံစနစ်ကလည်း '-.--'၊ '. -.- 'စသဖြင့် တစ်ပါဒမှာ အနည်းဆုံး သံထူး နှစ်ခုပါတာမျိုး လုပ်ထားတယ်။ အဲဒီ တော့ ချားရဟတ် လည်သလို သွက်သွက်မဟုတ်တော့ဘဲနဲ့ လေးလေး မှန်မှန် ဣန္ဒြေရရ လှုပ်ရှားနေတဲ့ ဟန် ပေါ်ထွက်လာပါတယ်။ 'ရှင်မွန်ပိ ပိ' ကနေ 'မကွက်မလှည့်' ထိ ကာရန်ရော အသံကပါ မှန်မှန်- မှန်မှန် သွားနေပုံကို ပြတယ်။ အဲသလိုဖြစ်အောင် ၄-၂ ကာရန်စနစ် နဲ့ '-.-.' အသံစနစ်တို့က ဖော်ကျူးပေးနေတယ်။ အဲဒီနောက်မှာ ကာရန်စနစ်က ၄-၃-၁ ပြောင်းသွားပြီး အရှိန်နှုန်းကို မတက်အောင် မှန်တမ်းမှာပဲ ရှိအောင် အားဖြည့်ခံပေးလိုက်သလို ရှိတယ်။ ဒီနောက်မှာ

mgyoe.com

mgyoe.com


၄–၁ ကာရန်စနစ်ချည့်သုံးပြီး အသံစနစ်ကို '–..–'ပြောင်းလဲသုံးသွားလိုက်တာကလည်း မှန်မှန်နဲ့ ဣန္ဒြေရရ လှမ်းသွားနေတဲ့ ပုံဟန်ကို ခိုင်ခဲ့သထက် ခိုင်ခဲ့အောင် လုပ်ပေးသလို ရှိပါတော့တယ်။

လင်္ကာပိုဒ်ရေ ၂၂ မှာ စည်းစိမ် ခံစားနေရတာကို ဆရာတော်က–

မကျ မညှိုး

. – . –

မစိုး မရိမ် (တုန်းမဲ့ 'မ' နဲ့ယှဉ်တော့ သံပြေ 'ရိမ်' သံထူး
. – . – ဖြစ်လာရ)

နတ် စည်းစိမ်သို့

. – . –

ရယ်လို့ စပ်သွားတာဟာဖြင့်ရင် မကြောင့်မကြ အပူအပင် မရှိ၊ အကျအဆင်း မရှိ၊ တောက်လျှောက် စည်းစိမ်စံနေပုံ သရုပ်ကို အသံအနေအထားက ဖော်ကျူးပြနေပါတော့တယ်။

လင်္ကာပိုဒ်ရေ ၉ ဟာ ဘုရင်ကို သားရအောင် လုပ်မပေးရကောင်းလားလို့ ညောင်ပင်စောင့်နတ်ကို ပုရောဟိတ်ပဏ္ဍားက ကြိမ်းတဲ့ အပိုဒ်ဖြစ်ပါတယ်။ ဒီအပိုဒ်မှာ ကျွန်တော်တို့ ဇာတ်ရုပ်သေးတွေမှာ ကြားနေကျ ဘာကြိမ်း ညာကြိမ်းဆိုတာမျိုး အသံထွက်အောင် ဆရာတော်က ရေးဖွဲ့ထားတယ်။

လူကို ယုတ်မြတ် မသိတတ်သည်
စောင့်မှတ် ရက္ခ ဟယ်ဒေဝ။
ပြည်မ သေဌ်နင်း ငါတို့ မင်းဝယ်
နင် လိုဖွယ်ကား အဘယ် ကိစ္စ/
မရခဲ့အင်/ငြိုငြင်သနည်း/
ပစ္စည်း ချမ်းသာ မယုတ်ရာသား

mgyoe.com

mgyoe.com


စဉ်လာ တရား ခုနစ်ပါးတွင်/
အင် မချို့အောင် တို့မင်းခေါင်လျှင်
တစ်ထောင်မျှလောက်/ စွန့်မြောက် နှစ်တိုင်း
ထုံးပိုင်း မပြတ်/ရိုညွတ် စိတ်သန်
ပူဇော် မှန်လျက်၊ မြိတ်စွန် သားမြေး
နင် မပေးဘဲ လွန် စဉ်းလဲ၏။

ဒီအပိုဒ်မှာ အများစု ကာရန် စနစ်က ၄–၃–၂ ပါပဲ။ အဲဒီထဲမှာ ၄–၂ တွေ၊ ၄–၁ တွေ ကြိုးကြား ထည့်ပေးထားပုံက (/နဲ့ ပြထားတယ်) ဒေါ်နဲ့ မောနဲ့ ပြောရတဲ့အတွက် အသက်ရှုဖို့ နားရင်း၊ တချို့စကားတွေ တစ်ဆက်တည်း ဆိုမိပုံကို ဖော်ပြနေတယ်။ ပုံမှန်ပြောတာမဟုတ်ဘဲ ဒေါ်သနဲ့ အားရပါးရပြောမှန်း ပုံပေါ်အောင်လည်း အသံစနစ်ကို တစ်ပါဒမှာ သံထူးတစ်ခုပါတဲ့ စနစ်မျိုး သုံးထားတယ်။ (တစ်ပါဒမှာ တစ်ခုတည်း ပါမှ သူ့ရဲ့အသံဟာ ပိုပြီး မြည်ဟည်းတာပေါ့)

သံသရာ ခရီးကြမ်းကို ဆရာတော်က မြစ်နဲ့ဥပမာပေးပြီး မြစ်ထဲမှာ လှေလှော်စီးသွားရတာနဲ့ တူပုံကို ဒီလို ရေးဖွဲ့ခဲ့တယ်။

လှော်လေ လှော်လေ
– . – .
ထိုကမ်းခြေသို့
. – . –

ဒီနှစ်ပါဒဟာ ခရီးတာ ဝေးပုံ၊ ပင်ပန်းခက်ခဲစွာ သွားရပုံကို အသံအသုံးချပြီး ဖော်ကျူးထားတဲ့အတွက် တိုတိုနဲ့ ထိထိမိမိ ဖော်ကျူးနိုင်တယ်။ ('လှော်လေ' မှာ အက္ခရာ နှစ်လုံးစလုံး တုန်း ၂ ချည်းဖြစ်သော်လည်း ဟထိုးပါတဲ့ 'လှော်' ဟာ 'လေ' ထက် အသံပိုလွင်တဲ့အတွက် သံထူးမှတ်ယူရတယ်)

mgyoe.com

mgyoe.com


အသံ အနိမ့် အမြင့် အတက်အကျ အပြင် အခြားနည်းများနဲ့ အသံကို အသုံးချပုံများလည်း ရှိသေးတယ်။ အထင်ရှားဆုံးကတော့ အသံတူကိုထပ်ကာ ဆိုနည်းပါပဲ။ ဒီမှာလည်း ဗျည်းကို ထပ်ဆိုတာ (Allite-ration)၊ သရကို ထပ်ဆိုတာ (Assonance) ရယ်လို့ နှစ်မျိုး ခွဲခြားနိုင်တယ်။

ဗျည်းသံကို ထပ်ဆိုကာ ကိုယ် ဖော်လိုရာ သရုပ်ကို ပိုပေါ်လွင်အောင်၊ လေးနက်အောင် လုပ်တဲ့နည်းကို မြန်မာကဗျာဆရာ အများအပြားပဲ သုံးကြတယ်။ ဆရာတော် ရဋ္ဌသာရရဲ့ စာကိုးခန်းဟာလည်း ဒါမျိုးတွေ ဒုနဲ့ဒေး ဒွေးကြွယ်နေတယ်။

ထိုရောကာလ ထိုခဏဋ္ဌ
ထိုမျှ ရံဝန်း ထို ရဟန်းတို့
–ပိုဒ်ရေ ၃

ဆိုသင့် ဆိုထိုက် ဆိုလိုက် ဆိုလျော
ဆို ပြောဟောလည်း
–ပိုဒ်ရေ ၂၇

လူလည်း ဖျက်လေ ရေလည်း ဖျက်ဆီး
မီးလည်း ဖျက်လောင် ကုန်အောင် ဖျက်ချုံ
–ပိုဒ်ရေ ၃၅

အိုလည်း ငါသာ နာလည်း ငါချည်း
သေလည်း ငါ့ဖို့
–ပိုဒ်ရေ ၃၇

ပညာ (–ပြင်ညာ) ချိုးရေ သွန်းပြီးစေမှ
ပြေ ပြေ ပြစ် ပြစ် ဆံကျစ် ဥသျှောင်
–ပိုဒ်ရေ ၃၈

mgyoe.com

mgyoe.com


အထက် ဥပမာတွေမှာ ဗျည်းရော သရရော ထပ်တာဖြစ်ပြီး ဒီမှာတော့ ဗျည်းတင် (ပြ) တူညီပြီး သရ မတူတာ သတိပြုပါလေ။ အလားတူ ဗျည်းချည့်တူပြီး သရ မတူဘဲ သဒ္ဒါလင်္ကာရအရ လှပနေတာတွေကတော့—

ရှုအင် မရှား ရပ်ရှစ်ပါးမှ

ပိုဒ်ရေ ၄

စည်းနှယ် သား၏ စကား ရှေးစဉ်

စီလျဉ် မှတ်မိ

တတ်မွန် ဆေးကု ဆင်မှု ဗိသုကာ

နာနာ တိရစ္ဆာန် ဇွေကြန် ဆစ်မျက်

သကျုရုပ် ကြုံ ကြံသမျှ

လွှမ်း လောင် မလျှောက် ပြန် လင့် လော့။

သရသံကို ထပ်ဆိုတာဟာ ကာရန်ပဲပေါ့။ ကာရန်ယူတာဟာလည်း ယူတတ်မှ ဆိုလိုတဲ့ အဓိပ္ပာယ်နဲ့ အသံနဲ့ အံဝင်ခွင်ကျ ဖြစ်တယ်။ တစ်ခါ ကာရန်ယူသလို သရသံချင်း လုံးဝ ထပ်တူမဟုတ်ဘဲနဲ့ အခြေခံ သရမျှ တူတာကို ယှဉ်တွဲပေးခြင်း၊ ထပ်ကာ ဆိုခြင်းနဲ့လည်း သဒ္ဒါလင်္ကာရ တစ်မျိုးကို ကဗျာဆရာများ ရယူလေ့ရှိတယ်။ ဆရာတော်ရှင်သာရဲ့ ကိုးခန်းပျို့ စစချင်း အပိုဒ်မှာပဲ။

ဇာတိ ပုည ဂုဏ်မာနဖြင့်

သံပ ဟုံစုံး ဖက်မဲ့ ကြုံးသား

အားသုံး ထောင်ထား မျိုးလေးပါး၏။

ပုဉ်၊ ဂုဏ်၊ စုံး၊ ရုံး၊ ကြုံး၊ သုံး ဆိုတဲ့ အုန်/အုန်း သံတွေချည်း ဆက်တိုက်ယူသွားတာဟာ ထောင်လွှားတဲ့ မာနရဲ့ သဘောကို အားကောင်းအောင်၊ ပြင်းထန်အောင် လုပ်ပေးလိုက်တာ ဖြစ်တယ်။ ဒီသရသံတွေဟာ ဘယ်လောက်ဟန်ပါပြီး ဟိန်းနေတယ်ဆိုတာ ရွတ်ကြည့်ရင် သိနိုင်

mgyoe.com

mgyoe.com


တယ်။ 'အို' သရသံဟာ ခံ့ညားတဲ့သဘော၊ ပြင်းထန်တဲ့ သဘောကို ဆောင်တယ်လို့ အဆိုရှိကြရဲ့။ (အုန်း/အုန်=အို+န်)
တစ်ခါ

မပြေ မပြစ် အထစ်ထစ်လျှင်
ကျစ်လျစ် မရှိ အငြိငြိထည့်
ဟုတ်လိနိုးနိုး

ပိုဒ်ရေ ၂၆

ဒီ စာပိုဒ်မှာ အိ/အစ် သရတွေကို ဆက်ယူသွားတာလည်း (ပြစ်၊ ထစ်၊ ထစ်၊ ကျစ်၊ လျစ်၊ ရှိ၊ ငြိ၊ ငြိ၊ လိ) တကယ့် မဖြစ်ညစ်ကျယ်နဲ့မို့ စကားထစ်နေပုံကို ပေါ်လွင်စေတယ်။ 'အိ/အမ်' သရ(I)ဟာ သေးငယ်သိမ်နုပ်တဲ့ သဘောကို ပြတယ်လို့ ဘာသာခြား လင်္ကာကျမ်းများမှာ ပြလေ့ရှိတယ်။ ဒါကို လက်ခံနိုင်တာ၊ လက်မခံနိုင်တာ အပထား၊ ဒီ စာပိုဒ်မှာဖြင့် ရှင်ရဋ္ဌသာ လုပ်သွားပုံဟာ အဓိပ္ပာယ်နဲ့ အသံ အံဝင်နေတာကို ဝန်ခံရပေလိမ့်မယ်။

အဲဒီစာပိုဒ်ထဲမှာပဲ–

**ရှုံ့ရှာ လန့်ထိတ် အသံ ဆိတ်၏။**

ရယ်လို့ ထိတ်၊ ဆိတ်ဆိုတဲ့ သက်အောင့်သံ (glottal stop)နဲ့ ဆိုရတဲ့ တုန်းကို ထပ်ဆင့် ကာရန်ယူလိုက်တာဟာ တကယ်ကို စကားမပြောနိုင်၊ မလှုပ်မယှက် ငုတ်တုတ် ဖြစ်နေရပုံ သရုပ်ကို ပီပြင်လာစေတယ်။

**ဟုတ်လိ နိုးနိုး၊ ဆင်တန်း တိုးသို့**

ဆိုပြီး နိုး၊ နိုး၊ တိုး အသံတွေ စီစဉ်ထားပုံကလည်း စမ်းတဝါးဝါး လုပ်နေပုံ သရုပ်နဲ့ အံကျ ဖြစ်နေပြီး ပြင်းထန်တဲ့ အိုး သရက ကြီးမား အားကောင်းတဲ့ ဆင်ရဲ့ သရုပ်ကို ပေါ်လွင်စေတယ်။
ပုဏ္ဏားက ညောင်ပင်စောင့်နတ်ကို ဒေါသဖြစ်ရာမှာ–

mgyoe.com

mgyoe.com


ခက်ညွန့် ကိုင်ဆုပ် သိမ့်သိမ့်လှုပ်လျက်
ချုပ်ချုပ် အမျက် ထွက်သားအလို

ရယ်လို့ သက်အောင့်သံတွေကို ဆက်ဆိုထားတာ (ခက်၊ ဆုပ်၊ လှုပ်၊ လျက်၊ ချုပ်၊ ချုပ်၊ မျက်၊ ထွက်) ကျတော့ ဒေါသသရုပ်ကို ဖော်ကျူးနေလေရဲ့။

ဟောဒီအပိုင်းမှာတော့ အချိန် တရွေ့ရွေ့နဲ့ ကြာညောင်းသွားရပုံကို အဲ–အေ– သရသံတွေ ဆက်ကာဆက်ကာ ဆိုခြင်းဖြင့် ဆရာတော်က ပုံဖော်ပေးထားတယ်။

တိုးတက်သကဲ တလဲလဲလျှင်
ဖိန်းနွဲ့ ဖိန်းခါ ကြာခဲ့ ရွေ့ရွေ့
တစ်နေ့တစ်ပါး ရွေ့စ များသော်

ပိုဒ်ရေ ၁၀၁

သချိုင်းအပြန် ပရိဒေဝမီး လောင်ရပုံကို

ချောက်ချောက် သဲ့သဲ့ ကိုယ်လုံးနွဲ့လျက်
တုန်လဲ့ ယိုက်ယိုက် မီးပြင်းတိုက်သို့
စိုက်စိုက် ခေါ်ကြ ပူပျောင်းပြသည်

ရယ်လို့ သရသံတွေ ထပ်ဆိုတဲ့နည်းနဲ့ ဆရာတော် သရုပ်ဖော်ထားတယ်။

ဟော့ဒီ အပိုဒ်မှာ နိဂ္ဂဟိတ်တွေ ထပ်ပြီး ဆရာတော်စပ်ဆိုထားတာ ဟာလည်း အကြောင်းမဲ့ မဟုတ်ပါဘူး။

ဆွေပုံမျိုးပုံ ကျူနှယ်ရုံမျှ
ကုံကုံ ထံထံ ခြွေရေရုံလျက်
စံစံ ပယ်ပယ် သဘင်လယ်၌

ပိုဒ်ရေ–၁၈၉

mgyoe.com

mgyoe.com


ထပ်ဆိုတယ် ဆိုရာမှာ အက္ခရာ လုံးချင်း ထပ်ပေးတာအပြင် စကားလုံးလိုက်၊ ဝါကျလိုက်၊ အပိုဒ်လိုက် ထပ်ပေးခြင်းဖြင့်လည်း အဓိပ္ပာယ်ပေါ်လွင်စေတာမျိုး၊ လေးနက်သွားစေတာမျိုး အရသာ ထူးခြားပေါ်သွားတာမျိုး ရှိသေးတယ်။ ဒီနည်းတွေကိုလည်း ဆရာတော် ရှင်ရဋ္ဌသာရဲ့ ပုလဲပန်းမှာ အများအပြား တွေ့ကြရတယ်။

မယ်တော် ပုဏ္ဏေးမဟာ သားနဲ့လင်တို့ တောထွက်ကြပြီးတဲ့နောက် သူလည်း ဘယ်လို လုပ်ရမလဲဆိုတာ စဉ်းစားရင်း နောက်ဆုံး တောထွက်မယ်လို့ သန္နိဋ္ဌာန်ချလိုက်ပုံကို ဆရာတော်က–

ယှဉ်မှီး လိုက် ချိမ့် ဖူးရစိမ့်

လို့ ရေးဖွဲ့လိုက်တယ်။ ဒီလို 'ယှဉ်မှီး လိုက်ချိမ့်' ကို 'ဖူးရစိမ့်' နဲ့ အခံ–အအုပ် ကာရန်တူ ထပ်ဆိုပေးလိုက်တာဟာဖြင့် ပုဏ္ဏေးမရဲ့ မြဲမြံတဲ့ စိတ်ပိုင်းဖြတ်မှုကို အသံအားနဲ့ ဖော်ကျူးခြင်းပါပဲ။ ဒါကိုမှ တစ်ခါ ဒုတိယပိုဒ်မှာ–

ကောင်းစွာ နှစ်သိမ့် ကျင့်လျှင်းပိမ့်

ရယ်လို့ ထပ်ကျော့ပေးလိုက်ပြန်တော့ ဆုံးဖြတ်ချက်ဟာ ပိုအားကောင်းသွားပြန်တော့တယ်။

အလားတူပဲ ဆရာတော်ဟာ ဒီပျို့မှာ လင်္ကာအချလေးတွေကို ပညာသားနဲ့ တမင် စိစစ်ရေးဖွဲ့သွားတယ်ဆိုတာ ကျွန်တော်တို့ တွေ့ကြရတယ်။ ထပ်ဆိုခြင်းဖြင့် အဓိပ္ပာယ် ပိုအားကောင်းလာမယ်ဆိုရင် အချပိုဒ်လေးတွေကို ရတုပိုဒ်စုံချသလို ပုံစံတူ လုပ်ချတယ်။

သားတွေ လင်တွေ တောထွက်ကုန်ကြတော့ မယ်တော် ပုဏ္ဏေးမဆွေးကျန်ရစ်ပုံ ဖွဲ့တဲ့ လွမ်းခန်းဟာ အင်မတန်ကောင်းပါတယ်။ သူ့ခမျာ တွေးလိုက် ဆွေးလိုက် လွမ်းလိုက်ဖြစ်နေရပုံကို ရှင်ရဋ္ဌသာက အပိုဒ်လေးပိုဒ်မှာ ဟောဒီလို အချီအချလေးတွေ ပုံတူလုပ်ပြီး ဖော်ကျူးထားတယ်။

mgyoe.com

mgyoe.com


ဆင်းပျိုလှဖိ ချစ်ရာ ရှိ၍

. . . . . . . . . .

အိပ်လေခဲ့လော နေခဲ့လော။ (ပိုဒ်ရေ–၁၇၄)

သဗြိုဟ်ရတိဖြစ်ရာ ဖိ၍

. . . . . . . . . .

ခဲတွေ ခဲ့လော ဝေခဲ့လော။ (ပိုဒ်ရေ–၁၇၅)

မြင့်မို တရှိ သစ္စာငြိ၍

. . . . . . . . .

ရစ်ခွေခဲ့လော ပြေခဲ့လော။ (ပိုဒ်ရေ–၁၇၆)

ယွင်းယို မရှိ မေတ္တာသိ၍

. . . . . . . . . .

ဖြောင့်လေခဲ့လော သွေခဲ့လော။ (ပိုဒ်ရေ–၁၇၇)

အချီမှာ မတူဘဲ အချပိုဒ်တွင် တူတာတွေကတော့ ဒီပျို့မှာ ဒုနဲ့ဒေးပါပဲ။ အင်မတန်ကောင်းတဲ့ အချပိုဒ်ကလေး တစ်စုံကိုတော့ ထုတ်ပြလိုက်ပရစေဦး။

မယ့်ထီး တလွမ်းလွမ်းတကား။

ယိသည် တရွှမ်းရွှမ်းတကား။

ညိုးငယ် တသမ်းသမ်းတကား။

ဆိုမြည် တတမ်းတမ်းတကား။

ပိုဒ်ရေ ၁၈၈–၁၉၁

အဓိပ္ပာယ်ကို အသံနဲ့ ဖော်ကျူးတဲ့နေရာမှာ ထင်ရှားတဲ့ တစ်နည်းကတော့ အသံကိုယ်ကပဲ သရုပ်ကို ပုံတင်ထပ်နေတဲ့ 'ကိုယ့်ကိုယ်ကိုယ်ဖော်' နည်းပါပဲ။ (Onomatopoea မြည်သံစွဲအလင်္ကာ။) ရိုးရိုးစကားထဲမှာကိုပဲ ဒီသဘောတွေ ရှိပါတယ်။ ဥသြတို့၊ ဒီးဒုတ်တို့၊ တောက်တဲ့

mgyoe.com

mgyoe.com


တို့စတဲ့ အမည်တွေ၊ တချွင်ချွင် တရုန်းရုန်း ဆိုတာတွေဟာ ဒီသဘော တွေပေါ့။ ကဗျာမှာ အဲသလို အသံကို တိုက်ရိုက် တုတာအပြင်၊ တခြား အဓိပ္ပာယ်ထွက် စကားလုံးတွေနဲ့ လိုရာအသံ ဖြစ်ပေါ်လာအောင် ဖန်ဆင်း ယူတာမျိုး မကြာခဏ တွေ့ကြရတယ်။ မဟာရဋ္ဌသာရရဲ့ ကိုးခန်းပျို့ မှာလည်း ဒီနည်းတွေ အများအပြားပဲ တွေ့ရလှပေါ့။

ဘာသာ သက္ကဋ ရှုရှု သွင်သွင်
ပီပြင် တွတ်တွတ် ရွတ်သား သံညောင်း

ပိုဒ်ရေ ၆

ပုဏ္ဏားကြီး စာ တတွတ်တွတ် ရွတ်ပုံကို စာသားထဲကပဲ ကြားနေ ရတော့တယ်။

မြေကြီး ရှင်ရှင် ကောင်းကင် ခြောင်းခြောင်း
မြစ်ကြောင်း ကျိုက်ကျိုက်ဆူလှိုက် ဘနန်း

ပိုဒ်ရေ ၃၃

ပြင်းထန် ဆူညံတဲ့ အသံတွေ စာသားထဲကပဲ ထွက်နေတယ်။

ဟာဟာ ဟူလျက် ရှိန်ပူ ညီးညီး
စိုးရိမ် မီးချည်း ဟူးဟူးကြည်းမှု

ပိုဒ်ရေ ၃၇

မီးလောင်ပုံဟာ အသံရော ဟန်ရော အရှိန်ပါ ပေါ်လွင်နေလေရဲ့။

တောခြေ ငြိုးငြိုး ငြိမ့်ငြိမ့်တည်း။

ပိုဒ်ရေ ၂၃၄

တောထဲ လူအုပ်ကြီး ရောက်လာပြီး လှုပ်လှုပ်ရွရွနဲ့ ဆူဆူညံညံ ဖြစ်သွားတဲ့အသံ။

ဗိုလ်ခြေ အုတ်အုတ် သဲသဲ ရုတ်မှု ဂါဝုတ် လေးခု

ပိုဒ်ရေ ၂၅၉

mgyoe.com

mgyoe.com


မျက်ရည်တွေ အများအပြား ဒလဟော စီးဆင်းကျနေပုံ။

ဆရာတော်ဟာ အသံအဖြတ်အတောက်ကိုလည်း အင်မတန် သတိထားတယ်။ ဆရာတော် ဖြတ်တောက်ထားပုံများဟာ အဓိပ္ပာယ်နဲ့ချည်းပါပဲ။ (ခေတ်ပေါ်ကဗျာမှာက တစ်ပါဒကို လိုင်းတစ်လိုင်း သုံးတယ်။ တစ်ပါဒ အက္ခရာ ဘယ်နှလုံးထားတယ်၊ ပုဒ်မ သုံးတယ် မသုံးဘူး စသဖြင့် ဖြတ်တောက်နည်းကို သုံးကာ ရစ်သမ်ကို ဖော်တယ်။ လေးလုံး စပ်ဂန္ထဝင် ကဗျာမှာတော့တုန်း အနေအထားနဲ့သာပဲ အဖြတ်အတောက်ကို ဖော်ညွှန်းနိုင်တယ်။ ကြည့်လေ)

ကျောက်စစ် သဲကို ရွှဲရွှဲ ဆီရည်
ထွက်စိမ့်သည်ဟု ဆုံကျည် အဝ
ပွတ်မှာကြသို့// ထိုမှတပါး
ယောကျာ်း မီး ရှာ ညဥ့်အခါဝယ်
. . . . . . . . . . . .
မှုတ်ကြိုး သံပ လက် မချသို့//
. . . . . . . . . . . .
ရိရှား ပန်းလျှ ညစ်လှည့်ထသို့//
. . . . . . . . . . . .
ပန်းခြေ လက်ချ သောက်ချင် တသို့//

ပိုဒ်ရေ ၃၃

ဒီစာပိုဒ်မှာ သံပြေတွေ အမြင့်သက်သံတွေနဲ့ သယ်လာခဲ့တဲ့ အသံတွေကို နောက်ဆုံးမှာ တိုတောင်းတဲ့ အနိမ့်သက်သံ (ဝ၊ ကြ) နဲ့ ချပစ်လိုက်ပြီး 'သို့' နဲ့ ရပ်ထားလိုက်တယ်။ နောက်ဆက်ပြီး ဒီပုံစံလုပ်လာ၊ 'သို့'နဲ့ ရပ်ထားပြန်ဆိုတော့ ဖတ်ရသူ ကျွန်တော်တို့မှာ ဥပမာ တစ်ခုစီ တစ်ခုစီကို စိမ်ပြေနပြေနဲ့ တင်ပြနေတာပဲဆိုတာ သဘောပေါက်သွား

mgyoe.com

mgyoe.com


တယ်။ သဘောပေါက်သွားတာနဲ့အမျှ ဘာမျှား ဆက်လာဦးမလို့လဲ ငံ့လင့်မိကြစေတယ်။ အဲဒီလို ငံ့လင့်တောင့်တပြီး ဆက်ဖတ်ရတာ၊ ဆက်ဖတ်တော့ ကိုယ် တောင့်တတဲ့အတိုင်း ရရှိရတာဟာ ကဗျာဖတ်ခြင်းရဲ့ အရသာတစ်ပါးပါပဲ။

ကိုးခန်းပျို့မှာ ဆရာတော် သုံးလေ့ရှိတဲ့ အသံဆိုင်ရာနည်း တစ်နည်းကတော့ အရှည်အချင်း၊ အင်္ဂါရပ် စသဖြင့် များပြားတဲ့ အချက်အလက်တွေကို သရုပ်ဖော်လိုတိုင်း အပြေးအလွှား ရေတွက်ရတဲ့ သဘောပေါ်လွင်အောင် အသံကို ခပ်သွက်သွက်ကလေး လုပ်ပေးတဲ့နည်းပါပဲ။ ဒီလိုဖြစ်အောင် ကာရန်ကိုလည်း ၄–၃–၂ တွေ သုံးရာက ၄–၂/၄–၁ တွေ ပြောင်းပေးတယ်။ တုန်းတူ ထပ်ဆိုတဲ့နည်းလည်း သုံးတယ်။ ပျို့ အစပိုင်း ပုဏ္ဏားရဲ့ အရှည်အချင်းကို ပြရာမှာ ပုဏ္ဏား ဘယ်လောက်စာတတ်တယ်ဆိုတာ ခပ်ကြွားကြွားပြရမယ့်နေရာမို့–

သာမ ယဇု ဣရုဗေဒင်
သုံးပုံ မြင်၍ လျှောင် တော်လည်း
စနည်း တသောင် တိမ်တောင် နီပြောက်
စိုးရောက် တမ်းခွန် လှည့်ဖန် နတ်သတ်

စသဖြင့် ဆရာတော်က ခပ်သွက်သွက်ကလေး ဖွဲ့သီထားတယ်။ အခြားဥပမာတွေလည်း ပျို့ အနှံ့အပြားမှာ တွေ့ရတယ်။

နားခွက် မငယ် တိကျယ် နဖူး
ကော့ဖြူး မျက်တောင် နှာယောင် ကြမ်းတမ်း
နှုတ်ခမ်း ထွားထွား ပါးလည်း လှိုက်လှိုက်
မရှိက် မမိုး ပြည့်ဖြိုး လက္ခဏာ

ပိုဒ်ရေ–၁၁၉

ဘောဇဉ် ငါးပါး ကြံ ပျား တင်လဲ

mgyoe.com

mgyoe.com


ပိန္နဲ သရက် ဖက်လက် သင့်လျော
ငှက်ပျော ပြုတ်ချို ဆိမ့်ယို အုန်းဆီ
စားအီ နှစ်လို့ နွားနို့ ဂဏာ
သကာ ဖျော်မွှေး ထောပေး ထောပတ်
နှမ်းပွတ် ဆီကြည် ဆုံငယ်ရည်နှင့်

ပိဒ်ရေ–၁၇၈

ဒီပုံစံမျိုးနဲ့ ခပ်ဆင်ဆင်၊ အဓိပ္ပာယ်သရုပ်ကတော့ ကွဲပြားတဲ့ ပုံစံများလည်း တွေ့ရသေးတယ်။ အခက်အခဲ အနှောင့်အယှက်တွေ တစ်ခုပြီးတစ်ခု တွေ့ရတဲ့နေရာမျိုးမှာ ဒါမျိုးကို ဆရာတော် သုံးလေ့ ရှိတယ်။

လေးသားရမ္မက် ရှက်သား ဝန်ကြီး
ဆီးသား အမိုက် လိုက်သား ကောခ
တွသား နှလုံး လူတို့ ထုံးကား

ပိဒ်ရေ–၁၀၃

ဆိုလည်းမရ၊ တလည်းမဖြစ်
မြစ်လည်း မနိုင် ကိုင်လည်း မလွယ်

ပိဒ်ရေ–၁၂၀

သားလည်း မမြင် လင်လည်း မနီး

ပိဒ်ရေ–၁၈၈

ဆိုခဲ့တဲ့နည်းတွေကို ရောပြွမ်းပြီး လိုရာ သရုပ်တစ်ခု ပေါ်လွင် အောင် ဖော်ကျူးတာတွေကို အများအပြားပါပဲ။

သားမိကို ဝမ်း ပန်းညိုးနွမ်းသို့
မြောက်သွမ်း ယွေ့ယွေ့ လွမ်းခလေ့ဖြင့်
ညဥ့်နေ့ မဟူ ငိုတရှုလျက်

mgyoe.com

mgyoe.com


လွမ်းပု လွမ်းလောင် လွမ်းရစ်အောင်ဟု

ပိုဒ်ရေ–၁၈၂

ဒီအပိုဒ်မှာ သရတုန်းတွေရဲ့ အကျအဆင်းကလည်း စိတ်ခံစားရမှုနဲ့ ကိုက်ညီတယ်။ 'အေ့' သရသံတွေ (သွေ့–သွေ့–လေ့–နေ့) ထပ်ဆိုထားတာရယ်၊ 'လ' ဗျည်းတွေ (လွမ်း–လေ့–လွမ်း–လွမ်း–လောင်–လွမ်း) ထပ်ဆိုထားတာရယ်က မိခင်ရဲ့ လွမ်းရက် ရှည်ကြာပုံကို အားကောင်းအောင် ထောက်ပံ့နေတယ်။

ချစ်အား မကျ မျက်နှာ ပြလျက်

နှုတ်မှု မဆက်ပါခဲ့တည်း။

ပိုဒ်ရေ–၁၈၃

ကာရန်ကို သံပြေနဲ့ အမြင့်သက်တုန်းတို့နဲ့ မယှဉ်ဘဲ အနိမ့်သက်တုန်းနဲ့ချည့် (ကျ–ပြ–မှု) ယှဉ်ထားတာ၊ သက်အောင့်သံတုန်းတွေနဲ့ (ချစ်–မျက်–လျက်–နှုတ်–ဆက်) ခုပေးထားတာဟာ စိမ်းကား ပစ်ခွာသွားကြမှုကို ဆို့နင့်စွာ ခံရတဲ့ သရုပ်နဲ့ အင်မတန် လိုက်ဖက်ပါတယ်။

ဆရာတော်ရဲ့ အသံနဲ့ သရုပ်ကို အားဖြည့်ဖော်ကျူးတဲ့ နမူနာတချို့ကို ဖော်ပြလိုက်ပါဦးမယ်။

ဝတ်ဆံရွှေသား ဖားရရားလျှင်

ကားကား ပွပွ လန်းလန်း ထသို့

ပိုဒ်ရေ–၁၅

လင်လှ မွန်ကဲ ယခု ရှဲခဲ့၊

တ(စ်)ပွဲ တ(စ်)လက် တူစားဘက်ကို

ရှိုက်မက် ကြည်သည်း လွမ်းရှိန် ပြည်းလျက်

မယ့်ချည်း စားမြို့၊ စားဖော်ချို့သည်၊ ဘယ်လို့ စားခြင်း စားအံ့နည်း။

ပိုဒ်ရေ–၁၇၈

mgyoe.com

mgyoe.com


ငှက်များ သောင်းသောင်း လမ်းကြောင်း မှိုးမှိုး
ခရီး တွင်တွင် ပျံလေကျင်သည်
ကောင်းကင် ရှေ့နောက် မြောက်တောင်တည်း။

ပိုဒ်ရေ–၁၉၈

မာန်စောင် မတက် ရမ္မက် မပြော
သဘောမကြော့ မျဉ်းမျဉ်း ပြော့သည်
လျော့လျော့ ကိုယ်လုံး ရိုက်၏တည်း။

ပိုဒ်ရေ–၁၅၅

ဒါတွေဟာ ရှင်မဟာရဋ္ဌသာရရဲ့ စတုဓမ္မသာရ ကိုးခန်းပျို့ထဲမှာ ရောက်တတ်ရာရာ လှန်လှောရင်း တွေ့ရတဲ့ သဒ္ဒါလင်္ကာရ (ရစ်သမ်) ပြ တချို့ တလေမျှ ဖြစ်ပါတယ်။ တကယ်ကတော့ ဆရာတော်ဟာ ရေးဖွဲ့ ထားတဲ့ ကဗျာအပုဒ်တိုင်း ဆိုရမလောက် အသံရော အနက်ပါ အလင်္ကာ မြောက်အောင် တန်ဆာဆင်ယင် အလှခင်းပြီး စပ်ဆိုထားတာပါ။

ဒီစာတမ်းမှာ တင်ပြထားတဲ့ အသံနည်းစနစ်တွေ (ရစ်သမ်) ကို အသစ်အဆန်းဖြစ်နေလို့မို့ တချို့က 'ဆရာတော်အနေနဲ့ ဒီနည်းတွေကို သိလို့ ဒီလိုရေးခဲ့တာ မဟုတ်ပါဘူး' လို့ မှတ်ချက်ချချင်ကောင်း ချချင်ပေလိမ့်မယ်။ တကယ်ကလည်း ဒီစာတမ်းမှာ တင်ပြထားတဲ့ နည်း တချို့ဟာ စည်းစနစ်ကို စမ်းသပ်ရှာဖွေထားခြင်းမျှပါ။ 'တရားကိုယ် သဘော' ကတော့ မြန်မာကဗျာမှာ ပကတူးကတည်းက ရှိပြီးပါပဲ။ ကဗျာပါရမီ ရင့်သန်သူဆိုတာ နည်းတွေ ဥပဒေသတွေကို စာအုပ် လှန်လှောမနေရဘဲနဲ့ အလိုလိုရေးရင်းဖွဲ့ရင်း သူ့စာ သူ့ကဗျာက လှလာ တာပါ။ တောင်ကျ စမ်းကလေးက အေးမြတဲ့ ရေကြည်ရေသန့် စိမ့်ထွက် လာသလိုပါပဲ။ အဲသလို စာဆိုက ဈာန်ဝင်စားရင်း ရေးဆိုသွားတဲ့ အလှ ကို ဝေဖန်သူက ခွဲခြမ်းစိတ်ဖြာ စိစစ်ရင်း နည်းစနစ်ဆိုတာကို သွားတွေ့

mgyoe.com

mgyoe.com


ရခြင်း ဖြစ်တယ်။ သူ့ရဲ့စာပေဝေဖန်ရေး စာအုပ်တစ်အုပ်ထဲမှာ အောလဒေါ့စ် ဟောက်စလီက ဒီလိုပြောဖူးတယ်။ စကားလုံးက တကယ်တော့ မကောင်းဘူး။ စာဖတ်သူရဲ့ စိတ်ထဲမှာ ဖွဲ့ကိုင်နည်း၊ ဟင်းချက်နည်း ဆိုတာမျိုး သွားသတိရစေတာကိုး။ စာရေးဆရာကြီးတစ်ယောက် စာတိုလေးတစ်ပုဒ်၊ ဝိုချင်းလေးတစ်ပုဒ် ရေးပါမယ့်အကြောင်း ဖော်နည်း ကားကို စာပေဒေါ်ကြီးကြီးခင်ရဲ့စာအုပ်ကြီးထဲ အပတ်တကုတ် လှန်လှော နေရှာတာမျိုး မျက်စိထဲသွားမြင်စေတယ်။ ဒါမှမဟုတ်ရင်လည်း ဖဲတွေ ကို ကျကျနန မှတ်တေးထားပြီး စာဖတ်သူကို လှည့်တော့မယ်ပဲလို့ ပြင်ဆင် နေတဲ့ ဖဲလိမ်သမားတစ်ဦးလို မြင်ယောင်စေတယ်။ တကယ်ကတော့ စာရေးဆရာဟာ သူ့စာကို ပြုစုရာမှာ အများအားဖြင့်ကတော့ တွက်ချက် ပြင်ဆင်ပြီး လုပ်တာ၊ ဖော်နည်းကားတွေကို သုံးပြီး ရေးချတာ မဟုတ်ပါ ဘူး။ အနုပညာ စျာန်ဝင်စားပြီး ရေးချသွားခြင်းသာ ဖြစ်တယ်။ ရေးပြီး သွားပြီးဆိုတော့မှ ဝေဖန်ရေးဆရာရဲ့ အလုပ်ကစတာ။ ဘယ်လို စာပေ နည်းစနစ် သုံးသွားတယ်။ ဒီနည်းကိုဖြင့် နိသျည်းစာအုပ် ဘယ်ကဏ္ဍမှာ ထည့်သွင်းရမယ် စသဖြင့် သူက စေ့ငုပါတော့တယ်။ ဒီအစီအစဉ်ကို ပြောင်းပြန်လုပ်လို့ မရစကောင်းဘူး။

ကျွန်တော်တို့လည်း ဒီအတိုင်းပါပဲ။ ပါရမီရှင် ကဗျာဆရာ ရှုသာရက အောင်မြင်စွာ တေးသီလို့ သွားတာကို ဘာ့ကြောင့်များ သူ့တေး အောင်မြင်ရပါလိမ့်ဆိုတာ ကြိုးစားဆန်းစစ်ကြည့်မိခြင်းပါပဲ။ ဆန်းစစ်တာမှ အနက်သဘောဆိုတဲ့ အတ္ထာလင်္ကာရမပါ။ အသံ (ရစ်သမ်) သက်သက် သဒ္ဒါလင်္ကာရကိုသာ စူးစမ်းကြည့်ခြင်းပါ။

❒

mgyoe.com

mgyoe.com

# ကဗျာမှာ အသံ

(... poets have no need of prosodic theory in order to compose verse and... listeners and readers, equally, have no need of special knowledge in order to appreciate verse, all that they need is already there in their normal experience of the language.

ကဗျာကို ကဗျာဖြစ်အောင် လုပ်လိုက်တဲ့ အချက်တွေထဲမှာ စိတ်ကူးရုပ် (နိမိတ်ပုံ) ပြီးရင် အသံပဲ ဖြစ်တယ်။ ကဗျာမှာ အသံကို စကားပြေမှာထက် အများကြီး ပိုမိုပြီး အသုံးချထားတယ်။ ဒီအသံရဲ့ သဘောကို အတတ်ပညာစကားနဲ့ ရစ်သမ်လို့ ခေါ်တယ်။

ရစ်သမ်ကို ကဗျာပေါ်ဦးကတည်းက ကဗျာဆရာတွေ အသုံးချ လာခဲ့ကြတာပါပဲ။ ဒါကြောင့် တချို့ဆရာတို့က ကဗျာဟာ ဘာသာ စကားရဲ့ အစောဦးဆုံး အဆင့်လို့တောင် ပြောချင်ကြတယ်။ လူတွေ ဝိုင်းစုအလုပ်လုပ်ရာမှာ ညီပေးဖို့အသံကို ထုတ်လုပ်အသုံးချရာက ဘာသာစကား စတင်ပေါ်ပေါက်လာတယ်ဆိုတဲ့ သီအိုရီကို လက်ခံရင်

mgyoe.com

mgyoe.com


၃။ အနာပဲစတဂိုဏ်း လဟု– လဟု– ဂရုပုံစံ။

၄။ ဒါကတူလဂိုဏ်း ဂရု– လဟု–လဟုပုံစံ။

၅။ စပေါနဒဲဂိုဏ်း ဂရု - ဂရုပုံစံ။

တစ်ပါဒမှာ အနည်းဆုံး တစ်ဂိုဏ်းကတော့ ပါရပေမပေါ့။ အဲဒီအခါ ဧကမတြာပါဒလို့ ခေါ်တယ်။ နှစ်ဂိုဏ်းပါရင် ဒွိမတြာ၊ ငါးဂိုဏ်းပါရင် ပဥ္စမတြာ စသဖြင့် အမည်တွေ ရကြတယ်။ ကဗျာစပ်မယ့်သူဟာသူ ရေးဖွဲ့မယ့် အကြောင်းအရာအလိုက် ဂိုဏ်းနဲ့ ပါဒကို ရွေးရတယ်။ (ဥပမာ အိအမ္ဗပဥ္စမတြာ လေးပါဒတစ်ပိုဒ်) ပါဒအဆုံးတွေကို ကာရန်ညီချင်ညီမယ်။ ညီခဲ့ရင် ကာရန်စနစ်ကို ကြိုက်ရာ ရွေးနိုင်တယ်။ (ကခကခ၊ ကကခခ စသဖြင့်)။ ကာရန်မညီရင် 'ကာရန်မဲ့ ကဗျာ' ဝါ 'ဟင်းလင်းကဗျာ' (ဘလဲင့်ကဗျာ) လို့ ခေါ်တယ်။

တစ်ပါဒမှာ ဘယ်မတြာဂိုဏ်းကို သုံးသလဲဆိုတဲ့အပေါ် မူတည်ပြီး ကဗျာဆရာဟာ ရစ်သမ်ကို ဖော်ကျူးတယ်။ များသောအားဖြင့် အနာပဲ စတနဲ့ ဒါကတူလတို့က လျင်မြန်တဲ့အဟုန်ကို ပြတယ်။ စပေါနဒဲက နှေးကွေးမှု၊ ခံ့ညားမှုကို ပြတယ်။ အိအမ္ဗက မှန်မှန်သွားပုံကို ပြတယ်။ တရောခဲက ခပ်သွက်သွက်ဟန်ကို ပြတယ်။ စသဖြင့် ဆိုကြရဲ့။

ထုံးစံအားဖြင့်တော့ တစ်ပါဒမှာ မတြာဂိုဏ်းတစ်မျိုးတည်းချည်း ယူလို့ မရဘဲ ကျိုးပေါက်သွားတဲ့အခါ တစ်ခုခု စည်းကမ်းမညီညွတ်နိုင်တဲ့အခါ အကြောင်းကောင်း တစ်ခုရှိမယ်။ ဒါကို 'ကဝိလိုင်စင်' ဆိုပြီး ခွင့်လွှတ်လေ့ရှိကြပြန်တယ်။

အင်္ဂလိပ်ကဗျာဟာ အစဦးက ကွန္တိတနည်းကို မရအရ ယူပြီး ရေးဖွဲ့ပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်စကားရဲ့ သရတွေက အရှည်အလျားတစ်သမတ်တည်းရှိတာ မဟုတ်လေတော့ ဒီကိစ္စဟာ အတော် အဆီအငေါ်မတည့်ဖြစ်ကြရတယ်။ ဒါကို ကိုးလရစ်တို့ခေတ်မှာ တော်လှန်ပစ်ခဲ့ပါ

mgyoe.com

mgyoe.com

တယ်။ သူရဲ့ 'ခရစ်ထဘဲလ်' ကဗျာ နိဒါန်းမှာ (၁၈၁၈) ကိုးလရစ်က သူ့ကဗျာဟာ ဆန်းဂိုဏ်းအသစ်ကို သုံးထားကြောင်း၊ ဒီနည်းသစ်အရ ဝဏ္ဏရဲ့ သရ အရှည်အလျားကို မတွက်ဘဲ 'အက်ဆင့်' ပါ မပါကို တွက်ပြီး ဂိုဏ်းဖွဲ့ထားကြောင်း ဖော်ပြလိုက်တယ်။ အဲဒီအချိန်ကစပြီး အင်္ဂလိပ် ကဗျာပြဒေသာမှာ သရ အရှည်အလျားအစား အက်ဆင့်ကို ကြည့်ပြီး ဂိုဏ်းဖွဲ့ ကဗျာရေးတဲ့နည်း ခေတ်စားလာခဲ့ပါတော့တယ်။ ဒါပေမဲ့ သရရှည်နဲ့ အက်ဆင့်ပြောင်းလဲ သတ်မှတ်မှုသာ ထူးခြားလာ တယ်။ အခြေခံ အနှစ်သာရကတော့ ရဲဂူလာ မတြာစနစ်ပါပဲ။

ရဲဂူလာ မတြာစနစ်ကို ရိုက်ချိုးမယ့်သူကတော့ သာသနာ့ဝန်ထမ်း ကဗျာဆရာ ဂျရတ်မန်လေဟော့ပ်ကင်းစ်အဖြစ် ပေါ်ထွန်းလာခဲ့တယ်။ သူသေပြီးနောက်မှ ထုတ်ဝေဖြစ်တဲ့ ကဗျာစာအုပ် (သေ ၁၈၈၉၊ ထုတ် ၁၉၁၈) မှာ ဟော့ပ်ကင်းစ်က 'စပရန်း ရစ်သမ်' ဆိုတာကို ဖော်ထုတ်လိုက် တယ်။ ဒီရစ်သမ်ရဲ့ သဘောအရ ဂိုဏ်းတစ်ဂိုဏ်းမှာ ဝဏ္ဏတစ်လုံးကနေ လေးလုံးထိ ပါနိုင်ကြောင်း (အရင်က ၂ လုံး ဝါ ၃ လုံးသာ)၊ တစ်ဂိုဏ်းမှာ အက်ဆင့်တစ်ခုပဲ ပါကြောင်း၊ ဂိုဏ်းတွေကိုလည်း တစ်ပါဒမှာ အလျဉ်း သင့်သလို ရောမွှေနိုင်ကြောင်း (အရင်က တစ်ပါဒမှာ ဂိုဏ်းတစ်မျိုးသာ)၊ ဒီရစ်သမ်ဟာ ပြောစကားရဲ့ ရစ်သမ်၊ ဂီတရဲ့ ရစ်သမ်ဖြစ်ကြောင်း စသဖြင့် ဟော့ပ်ကင်းစ်က ရေးသားတယ်။

ခေတ်ပေါ်ကဗျာလောကမှာတော့ ဟော့ပ်ကင်းစ်ထက် အဆင့်မြင့် တဲ့ 'လွတ်လပ်ကဗျာ' ခေတ်စားနေပါပြီ။ လွတ်လပ်ကဗျာဟာ ၂၀ ရာစု မှာ တွင်ကျယ်လာတာ ဖြစ်ပေမယ်လို့ တကယ်က ၁၉ ရာစုကတည်းကပဲ ပြင်သစ်ကဗျာဆရာတွေဟာ ရဲဂူလာ မတြာစနစ်ရဲ့ အချုပ်အချယ်ကို ရုန်းကန်ရင်း ဒီကဗျာမျိုး ရေးဖွဲ့လာခဲ့ကြပါပြီ။ ဒီအရင်ကလည်း ဂျိမ်းဘုရင်ရဲ့ သမ္မာကျမ်းစာ ဘာသာပြန်မှာ (အထူးသဖြင့် ဓောလမုံ

mgyoe.com

mgyoe.com


သီချင်းနဲ့ ဆာလံကျမ်းမှာ) လွတ်လပ်ကဗျာကိုပဲ သုံးကြတယ်။ ခုခေတ်မှာ ပိုပြီး အသုံးများလာခြင်းပါပဲ။ လွတ်လပ်ကဗျာမှာ မတြာသာ ရဲဂူလာမဖြစ်တာ မဟုတ်ဘူး။ ပါဒရဲ့ အနံ့အလျားဟာလည်း ပုံသေကားချအကန့်အသတ် မရှိတော့ဘူး။ ပြောစကားရဲ့ ရစ်သမ်ကို အားရပါးရသုံးလာတယ်။ ပြောစကားပုံစံတွေကို စည်းရုံးပြီး ကဗျာရဲ့ ကေးဒန့်စ်တွေဖော်ကျူးလာကြပါတော့တယ်။

အရင် ဆောင်းပါးမှာ ထောက်ပြခဲ့တဲ့အတိုင်း မြန်မာကဗျာမှာတော့ ရဲဂူလာ ရစ်သမ်ဆိုတာ ပဝေရှေးကတည်းက မရှိခဲ့ဘူး။ ဝဏ္ဏတွေကို ဂိုဏ်းဖွဲ့ပြီး ကဗျာသီကုံးဖို့ တချို့ပုဂ္ဂိုလ်များ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ ဒါပေမဲ့ သူ့နည်းသူ့ဟန်နဲ့ ရစ်သမ်စနစ်လေးကတော့ကျွန်တော်တို့မှာ ရှိခဲ့တယ်။ ဒီစနစ်ကလေးဟာ မတြာစနစ်ထက် လျော့ရဲပေမယ့် များသောအားဖြင့် ပုံသေကားချ ဆန်နေတယ်။ သံပြေနဲ့ သံထူးဟာ အလဲအလှယ် လုပ်ကို လုပ်ရတယ်။ ဒီထဲ ကာရန်ဆိုတာက လာပြီးလွှမ်းမိုးလိုက်ပြန်တော့ ကျွန်တော်တို့မှာ ကာရန်မမိ မိအောင် အားထုတ်နေရတာနဲ့ပဲ ရစ်သမ်ဘက်ကို ဦးမလှည့်အားတော့ဘူး။ တကယ့် ပါရမီရှင်များ လက်ထဲရောက်မှသာ ရစ်သမ်ဟာ ထူးခြားလာတတ်တော့တယ်။

တကယ်က ကဗျာမှာ အရေးအကြီးဆုံး အင်္ဂါသုံးပါးက အတွေးရယ်၊ နိမိတ်ပုံရယ်၊ ရစ်သမ်ရယ်။

ရစ်သမ်ဟာ စည်းဝါးမဟုတ်တဲ့အကြောင်း ထပ်လောင်းပြီး သတိပေးပါရစေဦး။ ရစ်သမ်ဆိုတာ လှုပ်ရှားပုံပါ။ ဒါအရေးကြီးပါတယ်။ လှုပ်ရှားမှုဆိုတာ လှုပ်ရှားတဲ့ဝတ္ထုနဲ့ ကင်းကွာလို့ မရှိစကောင်းဘူး။ လေ့ကလေး ရွေ့လျားသွားပုံနဲ့ လေ့လှော်သား၊ ဖျိုင်းကလေး ပျံဝဲသွားပုံနဲ့ ဖျိုင်းခွဲခြားမရသလို ကဗျာမှာ ပါနေတဲ့အတွေး၊ နိမိတ်ပုံတို့နဲ့ ကဗျာရဲ့ရစ်သမ်ခွဲခြားလို့ မရပေဘူး။ ရစ်သမ်ဟာ လှုပ်ရှားမှုမှာ သီးခြားအင်္ဂါ

mgyoe.com

mgyoe.com


တစ်ပါး မဟုတ်ဘူး။ လှုပ်ရှားမှုရဲ့အရည်အသွေး။ လှုပ်ရှားမှုရဲ့ ဂုဏ်သတ္တိတစ်ရပ်မျှသာလျှင် ဖြစ်တယ်။ ရစ်သမ်ဟာ လှုပ်ရှားမှုက ကင်းလွတ်လို့ မရှိနိုင်သလို လှုပ်ရှားမှုဟာလည်း လှုပ်ရှားတဲ့ဝတ္ထုက ကင်းလွတ်လို့ မရှိနိုင်ဘူး။ တကယ်က လှုပ်ရှားမှုရော ရစ်သမ်ရောဟာ တွေးမြင်ခံစားသူရဲ့ စိတ်ထဲမှာသာ အကောင်အထည် ပေါ်နိုင်ကြတယ်။

ကဗျာဆိုတာ စကားလုံးတွေနဲ့ ရေးဖွဲ့ထားတာ။ စကားလုံးဆိုတာ ကလည်း တွေးခေါ်မှု အစဉ်ထဲ ဝင်လာမှ အကောင်အထည် ပေါ်နိုင်တာ။ တစ်နည်း စိတ်ကနေ တုံ့ပြန်ထိခတ်မှ စကားလုံးဆိုတာ အကောင်အထည်ပေါ်တာ။ အသက်ဝင်တာ။ ဒီတော့ ကဗျာရဲ့ ရစ်သမ်ဆိုတာ ကဗျာရဲ့ စကားလုံးတွေကို ဖတ်လိုက်တဲ့အခါ ဖတ်သူတွေးခေါ် ထင်မြင်ပုံ ရစ်သမ်ပါပဲ။ တွေးခေါ် ထင်မြင်ပုံ ရစ်သမ်တင်လည်း မဟုတ်သေးဘူး။ တွဲဖက်ပါလာတဲ့ ခံစားမှု၊ စိတ်ကူးမှု၊ ဆင်ခြင်မှုတို့ရဲ့ ရစ်သမ်ပါပဲ။ သူတို့ရဲ့ ဂီတသွားအလိုက် စိတ်အတွေးက ကခုန်လှုပ်ရှားပုံလို့ ဆိုရမယ်။

စကားလုံးတွေကို သိမြင် ခံစားပုံဟာ တစ်ပြိုင်နက် မဖြစ်ပေါ်ဘူး။ အစဉ်လိုက်သာ ဖြစ်ပေါ်တယ်။ ပထမ အတွေးအခေါ်တစ်ခုတွေ့၊ နောက်တစ်ခုတွေ့၊ ပထမနိမိတ်ပုံ တစ်ခုဖြစ်၊ နောက်တစ်ခုဖြစ်တစ်ခုနဲ့ တစ်ခု ဆက်စပ်သွား၊ တစ်ခုက တစ်ခုသယ်သွား၊ ဒီလိုနဲ့ စာဖတ်သူရဲ့ စိတ်ထဲမှာ စိတ်အလုပ် တောက်လျှောက် အဆက်မပြတ် လုပ်သွားရတယ်။ ဒီအစဉ်တစိုက် လုပ်သွားပုံဟာ နှုန်းတစ်မျိုးတည်းနဲ့ တစ်သမတ်တည်း မဟုတ်ပေဘူး။ အလေးပေးမှု၊ အချိန်ပေးမှု အစီအစဉ် အမျိုးမျိုး ရှိရပေလိမ့်မယ်။ ခပ်ပေါ့ပေါ့မို့ မြန်မြန်သွက်သွက်ဖြစ်ချင်လည်း ဖြစ်မယ်။ စဉ်းစဉ်းစားစားမို့ နှေးချင်လည်း နှေးကွေးမယ်။ လွယ်လွယ် နိမိတ်ပုံ တွေ့ချင်လည်း တွေ့မယ်။ စိတ်ထဲစွဲခိုက်အောင် အချိန်ယူ အားထုတ်ရတဲ့

mgyoe.com

mgyoe.com


နိမိတ်ပုံမျိုး တွေ့ချင်လည်း တွေ့မယ်။ ဒီလိုနဲ့ ရစ်သမ်ဟာ မြန်လိုက် နှေးလိုက်ဖြစ်နေမှာပဲ။ ကဗျာရဲ့ ရစ်သမ်ဟာ ကဗျာဖတ် သူက စကားလုံး တွေအပေါ် တုံ့ပြန်ပုံ ရစ်သမ်ဖြစ်တယ်။ အသံ၊ နိမိတ်ပုံ၊ စိတ်လှုပ်ရှားမှု အတွေးအခေါ် ဒါတွေအပေါ် တုံ့ပြန်မှုတစ်ရပ်လုံးရဲ့ ရစ်သမ်ဖြစ်တယ်။

ဒါကြောင့် ကဗျာရဲ့ ရစ်သမ်ကို ပြောတဲ့အခါ ဝဏ္ဏရဲ့ သရ အတို၊ အရှည်၊ တုန်း အပြေအကျလောက်ကို တင်ပြောလို့ မရတော့ဘူး။ ကဗျာကို ဖတ်သွားလိုက်တဲ့အခါ စကားလုံးတွေအပေါ် တုံ့ပြန်မှုများရဲ့ အဝွန့်၊ အလေး၊ အလျား၊ အချိုးအဆ အမျိုးမျိုးဖြစ်ပုံ၊ ပေါင်းဖွဲ့မှု အမျိုးမျိုး ဖြစ်ပုံကိုပါ ထည့်တွက်ရပေလိမ့်မယ်။ ဒီတော့ ကဗျာတစ်ကြောင်းရဲ့ ရစ်သမ်ကို သတ်မှတ်တဲ့အခါ အရမ်းကာရော (အင်္ဂလိပ်ကဗျာဆိုရင်) အက်ဆင့်တွေ၊ (မြန်မာကဗျာဆိုရင်) တုန်းတွေကို မမှတ်သေးဘဲ ပထမ ဦးဆုံး ဒီနေရာမှာ ရစ်သမ်ရဲ့ အဓိက လက္ခဏာဟာ အက်ဆင့်၊ ဝါ၊ တုန်း ဟုတ်ရဲ့လားဆိုတာ ခွဲခြမ်းကြည့်ဖို့ လိုတယ်။ တချို့ကဗျာတွေမှာ အားကောင်းအောင် ထူးခြားလာအောင် တုန်းကို သုံးထားတာ တွေ့ရ မယ်။ တချို့ကဗျာမှာတော့ အကျတုန်းဖြစ်ပေမယ့် အသားပေးထားတာ မဟုတ်ဘူးဆိုတာ တွေ့ရတယ်။

ဥပမာ – ဖုတစ်ရွတ်တွ
ငှက်လင်းတသို့
ပျဉ်းမငုတ်တို

ပထမ ပါဒမှာ အကျတုန်းတွေကို သိသိသာသာ လိုအပ်ချက် အနေနဲ့ သုံးထားတာ ဖြစ်ပေတယ်။ ဒါပေမဲ့ . . .

ကွေးကွေးကျစ်ကျစ်
ဖူးပုရစ်လည်း
ပြေလှစ်စင်စင်

mgyoe.com

mgyoe.com

ဒီကဗျာရဲ့ ပထမပါဒနဲ့ ဒုတိယပါဒတွေမှာ အကျုတုန်းတွေ သုံးထားတာကတော့ ဆိုလိုချက်ကို အားကောင်းအောင်ဆိုတဲ့ ရည်ရွယ်ချက်မပါပါဘူး။ ဒီတုန်းတွေကို ရွတ်ဆိုရာမှာလည်း သံပြေထက် အနည်းငယ်ထူးတယ်ဆိုရုံပဲ ထူးမယ်။ သိသိသာသာ အသားပေးစရာ မလိုလှဘူး။ အလွန်ဆုံး 'ကွေးကွေးကျစ်ကျစ်' ကို အချိန်နည်းနည်းလေး ပိုပေးရုံပဲ။ 'ဖုထစ်ရွတ်တွ' လို အသားပေးစရာ မရှိဘူး။

ကြက်တကက်ရွတ်သုပ်
လက်ဖက်ကြုတ်နှင့်
ဆွမ်းအုပ်ပို့မှ ပို့ပါစ

ဒီကောက်နုတ်ချက်မှာဆိုရင်တော့ အကျုတုန်းတွေဟာ ထူးထူးခြားခြား ရွတ်စရာ လုံးဝမလိုဘဲ ပြေပြေကလေး လျှောတိုက် ရွတ်သွားရုံပဲ ရှိတယ်။ အသံထူးတွေ မပေါ်လွင်မှလည်း စိတ်ကူးမှာ အဓိပ္ပာယ်ပေါ်လွင်လာနိုင်မယ်။

ခါနွေကျွန်းစ
မိုးမြမြနှင့်
ကြိုးကြွလျှပ်နွယ်
လွမ်းစဖွယ်တွင်
ကံဆွယ်ပြား၍
နန်းခလေ့ကို
ရဝေ့ရိပ်ဆောင်း
မကြုံတောင်းသည်

တကယ်လို့ အသံထူးဖြစ်တဲ့ အကျုတုန်းတွေကို ထူးခြားပေါ်လွင်အောင် ရွတ်ဆိုကြည့်ရင် ဆတ်တောက် ဆတ်တောက်နဲ့ သဘာဝမကျတာကို တွေ့ရလိမ့်မယ်။ ဒီပါဒတွေရဲ့ ရစ်သမ်ကို အဆုံးအဖြတ်ပေးတာ

mgyoe.com

mgyoe.com


ဟာ သံထူး သံပြေ ဖလှယ်မှုထက် အချိန်တာ လိုက်ဖက်အောင် ပေးစေမှုပဲ ဖြစ်တယ်ဆိုတာ တွေ့ရလိမ့်မယ်။ တစ်နည်းပြောရရင် သာမန် မြန်မာ့ လေးလုံးစပ်ကဗျာရဲ့ ရစ်သမ်ပါပဲ။

တစ်ခါ
ပေါ်နိုးပေါ်နိုး
မျှော်ခေါ်ကိုးသည်
မှာ ပါတဲ့ အကျတုန်း အရေအတွက်နဲ့
မွေးမေ မွေးဖေ
ရှေးပဝေမှူ

မှာပါတဲ့ အကျတုန်း အရေအတွက်ဟာ အတူတူပါပဲ။ ဒါပေမဲ့ ပထမ ဥပမာမှာ လှုပ်ရှားမှု နှေးနေပြီး ဒုတိယမှာကျတော့ မြန်နေတယ်။ နောက်တစ်ခါ "တစ်ညနေက ရီဝေရီဝေ ထွေခဲ့တယ်" မှာကြည့်ပြန်ရင် အကျတုန်းက နည်းလွန်းပါတယ်။ ဒါပေမဲ့ ဖြည်းဖြည်းနှေးနှေးပဲ သွားနေတယ်။ ဒါကြောင့် အချိန်တာကို တုန်းနဲ့တင် ဆုံးဖြတ်ရတာ မဟုတ်ဘူးဆိုတာ ထင်ရှားတယ်။

ပိုအရေးကြီးတာက စကားလုံးတွေကို ပေးရတဲ့ အချိန်တာပါပဲ။ တချို့စာသားကို မြန်မြန်ရွတ်တယ်။ အချို့ စာသားကို အချိန်ကြာကြာကလေး ပေးပြီး ရွတ်ရတယ်။ ဒါကပဲ ရစ်သမ်ကို ဆုံးဖြတ်ပါတယ်။

အောက်ပါ ကောက်နုတ်ချက် နှစ်ချက်ကိုလည်း ကြည့်ပါဦး။

ထိုးရိုက်ဖောက်ခွဲ
တင်းပုတ်စွဲလျက်
ပြူးပြဲ မျက်လုံး
ဒေါရောင်ဖုံးလျက်
စွယ်စွန်းငေါငေါ

mgyoe.com

mgyoe.com


မွေးသောသောနှင့်
ယကျွော်ပြီတ္တာ
ငါ့ဆီလာလျက် (အတိတ်ဘီလူး)
မှန်ကလေးတစ်ချပ်
ဖျတ်ခနဲကွဲ
မြက်ခင်းထဲမှာ
လှဲကာလူးကာ
ကောင်းကင်ပြာက
ဟိုမှာတစ်လုံး
သည်တစ်လုံးဟု
ကြယ်ကုံးရေတွက် (ဒေါက်တာဂျော်နီ)

အတိတ်ဘီလူးရဲ့ ရစ်သမ်က အသံထူးတွေနဲ့ ချိန်တာတိုတို ဖွဲ့စည်းထားတယ်။ ဒေါက်တာ ဂျော်နီရဲ့ ရစ်သမ်က ပေါ့ပေါ့အသံတွေ နဲ့ပေမယ့် အချိန်တာကြာကြာနဲ့ ဖွဲ့စည်းထားတယ်။ ဒါ့ကြောင့် ဒေါက် တာဂျော်နီရဲ့ ရစ်သမ်ဟာ အတိတ်ဘီလူးရဲ့ ရစ်သမ်လောက် မပေါ်လွင် မထင်ရှားဘူး။ အတိတ်ဘီလူးမှာ ဖတ်သူရဲ့စိတ်ဟာ နိမိတ်ပုံတစ်ခုကနေ တစ်ခု။ အတွေးတစ်ခုကတစ်ခု ခုန်ကူးနေရတယ်။ အဆက်အစပ်ဆိုတာ ကို ဂရုမစိုက်အားဘူး။ ဒေါက်တာ ဂျော်နီကတော့ တစ်လျှောက်တည်း ဖြစ်နေတယ်။ စိတ်ဟာ စကားလုံးတွေကနေ ခုန်ကူးစရာ မလို။ ပြေးဆင်း စီးဝင်သွားတယ်။

ဒီတော့ ကဗျာရဲ့ ရစ်သမ်မှာ အင်္ဂါသုံးပါး ပါဝင်ကြောင်းမှတ်သား ရမယ်။ တုန်း၊ အချိန်တာ၊ အရှိန်နှုန်း။

ကဗျာတစ်ပုဒ်မှာ ရစ်သမ်ဟာ အမျိုးမျိုးပြောင်းကာ ပြောင်းကာနဲ့ ရှိရတယ်။ အဲသလို ပြောင်းလဲတိုင်း အကြောင်းအရာအလိုက်ဖြစ်ရတာ

mgyoe.com

mgyoe.com


ပါပဲ။ ပြောင်းတာဟာ အကြောင်းခြင်းရာနဲ့ ဆီလျော်ဖို့ လိုတယ်။ ရစ်သမ်ဟာ အဓိပ္ပာယ်ကို လေးနက်အောင်၊ ပေါ်လွင်အောင်၊ တိကျပြတ်သားအောင်၊ ဖတ်သူရဲ့ စိတ်ထဲမှာ လှုပ်ရှားပုံကို 'သိ' နေအောင် လုပ်နိုင်စွမ်းရမယ်။ စကားလုံးတွေရဲ့ ဖော်ပြစွမ်းကြီးထွားအောင် ရစ်သမ်ကို အလဲအလှယ် လုပ်သွားနိုင်မှုဟာ ကဗျာကောင်းကို တိုင်းတာရာ ကိုက်တံဖြစ်တယ်။ ကဗျာကောင်းမှန်သမျှ စကားလုံးတွေရဲ့ တုန်း၊ သူတို့ကိုရွတ်ဆိုရတဲ့ နှုန်း၊ ရွတ်ဆိုသင့်တဲ့အချိန်တာ၊ ဒီသုံးခုရဲ့ အချိုးအဆက်အပြောင်းအလဲရှိနေတာ တွေ့ရမြဲဖြစ်တယ်။ အဲသလို ရစ်သမ်အပြောင်းအလဲဟာ အတွေးစိတ်ကူးနဲ့ ခံစားမှုမှာ အပြောင်းအလဲဖြစ်တာနဲ့ ကိုက်ညီရမယ်။ ရစ်သမ်တစ်မျိုးတည်း သုံးခြင်းဟာ ကဗျာအင်အားကို ဖျက်ဆီးပစ်တယ်။ အတွေး၊ စိတ်ကူးနဲ့ အခြားတုံ့ပြန်မှုများဟာ အဓိပ္ပာယ်ရှိတဲ့ရစ်သမ်ရဲ့ ထိန်းချုပ်မှုအောက်မှာရှိနေမှ ဒီဖန်ဆင်းမှုစွမ်းအားတွေ အားလုံးဟာ ခံစားမှုအပြည့်နဲ့ လှုပ်ရှားနေမှ စနစ်ကျတဲ့ ပိုင်နိုင်ထိမိတဲ့ ပုံသဏ္ဍာန်နဲ့သက်ဝင်လှုပ်ရှားနေတယ်လို့ ဆိုရမယ်။

□

mgyoe.com

mgyoe.com

# ကဗျာနဲ့ စကားပြေ

ကဗျာနဲ့ စကားပြေ ဘာခြားနားသလဲ။ ကာရန်ဆိုတာဟာ ကဗျာရဲ့ အသက်၊ ကာရန်မပါရင် စကားပြေဖြစ်သွားမှာပေါ့။ နိမိတ်ပုံဆိုတာ အနောက်တိုင်း ဘူဇွာ အနုပညာသမားတွေရဲ့ အယူအဆ မဟုတ်လား။ အကြောင်းအရာပဲ အရေးကြီးပါတယ်။ ပုံသဏ္ဌာန်ကို အသားပေးပြောနေတာဟာ 'အနုပညာအတွက် အနုပညာ' ဝါဒပဲ မဟုတ်လား စတာတွေဟာ အရပ်တကာမှာ စာပေသမားတွေနဲ့ တွေ့ရတိုင်း ကြားရတဲ့မေးခွန်းတွေဖြစ်ပါတယ်။ တချို့ကလည်း ကျွန်တော်တို့နဲ့ ဆွေးနွေးပြီး ကျေလည်ကာလည်း ရှိ၊ တချို့လည်း မကျေလည်ဘူး။ တချို့လည်း ကျွန်တော်တို့ ရေးသားတင်ပြဖူးတာတွေ ဖတ်ဖူးရဲ့။ တချို့လည်း မဖတ်ဖူးကြဘူး။ တကယ်တော့ ဒီပြဿနာဟာ ကျွန်တော်တို့ တစ်ပြည်တည်းမှာတင် ဆွေးနွေးနေရတာလည်း မဟုတ်ပေဘူး။

လွန်ခဲ့တဲ့ ၁၉၆၅ ခုနှစ်တုန်းက တရုတ်ပြည် နိုင်ငံခြားရေးဝန်ကြီး ဖြစ်နေတဲ့ ရဲဘော် ချင်ယိက (မြန်မာပြည်ကို ရောက်ဖူးသမို့ တရုတ်

mgyoe.com

mgyoe.com


မြန်မာချစ်ကြည်ရေးကဗျာတွေ ရေးခဲ့ဖူးသူ) ဥက္ကဋ္ဌ မော်စီတုန်းဆီကို သူ့ကဗျာတွေ ပို့ပြီး ပြုပြင်ခိုင်းတယ်။ အဲဒီတုန်းက ဥက္ကဋ္ဌမော်က ပြန်ကြားခဲ့တဲ့ စာတစ်စောင်ကို ခု နှစ်ဆန်းကမှ တရုတ်ပြည် စာနယ်ဇင်းများမှာ ထုတ်ပြန်ခဲ့တယ်။ ဒီစာဟာ ကျွန်တော်တို့ဆီက ကဗျာသမား၊ စာပေသမားတွေလည်း စိတ်ဝင်စားဖို့ ကောင်းတယ်။ ဒါကြောင့် အောက်မှာ တိုက်ရိုက်ဘာသာပြန် ဖော်ပြပေးလိုက်ပါတယ်။

ရဲဘော်ချင်ယိသို့ ပေးစာ

ရဲဘော် ချင်ယိ . . .

ခင်ဗျားက ခင်ဗျားရဲ့ ကဗျာတွေကို အချောကိုင်ပေးဖို့ ကျုပ်ကို ခိုင်းတယ်။ ဒါပေမဲ့ ကျုပ်က အက္ခရာငါးလုံး တစ်ပါဒနဲ့ လူရှိရေးနည်း မကျွမ်းဘူး။ ဒီပုံသဏ္ဌာန်နဲ့ တစ်ပုဒ်မှ မထုတ်ဝေဖူးဘူးဆိုတော့ အချောကိုင်မပေးနိုင်ချေဘူး။ ခင်ဗျား ကဗျာတွေမှာ ခွန်အားနဲ့ ကျယ်ပြန့်မှုရှိတယ်။ ပုံသဏ္ဌာန်အရ ဝါ၊ မတြာနည်းအရ လူရှိကဗျာမျိုး မပီပြင်လှဘူးလို့ပဲ ကျုပ် ထင်မိတယ်။ လူရှိဆိုတာ တင်းကျပ်တဲ့ တုန်းစနစ်ရှိတယ်။ ဒါမပါရင် လူရှိကဗျာလို့ မခေါ်နိုင်ဘူး။ ဒီကိစ္စမှာတော့ ကျုပ်တို့နှစ်ယောက်စလုံး လက်သင်တွေပဲ ရှိသေးတယ်။ ကျုပ် အက္ခရာ ခုနစ်လုံး တစ်ပါဒလူရှိကဗျာ အနည်းငယ်ရေးဖူးပါရဲ့။ တစ်ပုဒ်မှ ကျုပ်စိတ်ကြိုက် မဖြစ်လာဘူး။ ခင်ဗျားက သမားရိုးကျ မဟုတ်တဲ့ ကဗျာများ ရေးရာမှာ တော်သလို ကျုပ်ကလည်း ပါဒအလျားအမျိုးမျိုးလုပ်လို့ရတဲ့ ဇုကဗျာ အကြောင်း နည်းနည်းပါးပါး တီးမိခေါက်မိပါရဲ့။ ကျင်ယင်း (ယဲ့ကျင်ယင်း) က အက္ခရာ ခုနစ်လုံး လူရှိကဗျာမှာ တော်ပြီး ရဲဘော်ကြီး တုန် (တုန်ပီစု) က အက္ခရာငါးလုံး လူရှိမှာ တော်တယ်။ ခင်ဗျား ဒီပုံသဏ္ဌာန်တွေနဲ့ ရေးချင်ရင် သူတို့အကြံဉာဏ်တောင်းပေါ့။

"အနောက်ဆီ ခရီးထွက်ခြင်း"

mgyoe.com

mgyoe.com

အနောက်ဆီ လီတစ်သောင်း ခရီးနှင်ခဲ့တယ်၊
အနန္တဟင်းလင်းပြင်ထက် လေကို စီးလို့ပ။
ဒီ ဂဠုန်ကြီးသာ တောင်ပံ ဖြန့်မထားခဲ့ရင်၊
ငှက်တို့သာ လူးလာတဲ့ ဒီသုညကို လူသားဟာ
ဘယ်လိုလုပ် ကူးသန်းနိုင်လိမ့်မလဲ။
အောက်မှာ ပင်လယ်က
စပျစ်ရည်ခွက် တစ်ထောင်ကို အချဉ်ဖောက်နေပြီ။
တောင်တွေလည်း ကြက်သွန်ပြာသာဒ်တွေနဲ့
မြင့်မြင့်မားမား မိုးမတ်နေပေါ့။
လေနဲ့ မိုးချုန်းသံ ကမ္ဘာကို ပျံ့နှံ့စဉ်၊
နေရာတကာ မိတ်ကောင်းတွေ တို့တွေရဲ့။

ဒီကဗျာမှာ အပြောင်းအလဲတွေ ကျုပ်လုပ်လိုက်တယ်။ စိတ်ကြိုက် ဖြစ်လာဖို့တော့ ဝေလာဝေးပဲ။ ကျန်တာတွေကိုတော့ လုပ်နိုင်မယ် မထင်ဘူး။

နောက်တစ်ခုကတော့ ကဗျာဆိုတာ စိတ်ကူးစိတ်သန်းတွေကို သယ် ဆောင်ပေးဖို့အတွက် နိမိတ်ပုံတွေကို သုံးတယ်။ စကားပြေမှာလို ရိုးရိုးစင်းစင်း ပြောပြတာမျိုး မဖြစ်သင့်ဘူး။ ဒီတော့ ပီ (ဉပမာနဲ့ ရူပက အလင်္ကာ) တို့၊ ရှင်း (ဆက်နွယ်မှု) တို့ကို လက်လွှတ်လို့ မရဘူး။ တူဖူးရဲ့ မြောက်ဖက်ခရီးမှာ လို ဖူတဲခနိကကို သုံးမယ်ဆိုလည်း သုံးနိုင်တယ်။ (ဖူ=သဘာဝဝုတ္တိ၊ ဟိုက်ရိုက်အဆို) ဒါ “ရိုးရိုးစင်းစင်း ဝေါဟာရတွေနဲ့ ဖော်ပြတာ” လို့ ဆိုနိုင်တယ်။ ဒါပေမဲ့ ဒီမှာလည်း သူဟာ ပီနဲ့ရှင်းကို သုံးထားတာပါ။ ‘ပီဆိုတာ အရာဝတ္ထုတစ်ခုကို တစ်ခုနဲ့ နှိုင်းခိုင်းတာလို့ အဓိပ္ပာယ်ရပြီး ရှင်းဆိုတာကတော့ တခြား တစ်စုံတစ်ရာကို အရင်ပထမဆိုလိုက်ပြီးမှ ပင်မ သီမဆီ ရောက်သွား

mgyoe.com

mgyoe.com

တာကိုဆိုလိုတာပါပဲ' ဟန်ယု (၇၆၈–၈၂၄ စကားပြေသမား၊ ကဗျာသမား) ဟာ ကဗျာမှာ စကားပြေ တဲခနိကကို သုံးခဲ့တယ်။ တချို့လူများက သူဟာ ကဗျာအကြောင်း လုံးဝ မသိဘူးလို့ ပြောကြတယ်။ ဒါကတော့ လွန်လွန်းပါတယ်။ သူရဲ့ 'ကျောက်ဆောင်များ'၊ 'ဟင်ရှန်းတောင်'၊ 'ရှစ်လဆယ့်ငါးရက်နေ့မှာ ဒိုင်နယ်မှူးကျန်သို့' တို့လို့ ကဗျာဟာ တကယ်မဆိုးပါဘူး။

ဒီတော့ကာ ကဗျာရေးရတာ မလွယ်ဘူးဆိုတာ မြင်သာပါတယ်။ စုန်ခေတ် ကဗျာဆရာ အများစုဟာ ကဗျာဆိုတာ နိမိတ်ပုံတွေသုံးပြီး စိတ်ကူးစိတ်သန်းတွေကို ဖော်ကျူးရတယ်ဆိုတာကို နားမလည်ကြဘူး။ တန်ခေတ်ကဗျာရဲ့ အစဉ်အလာကိုလည်း ဥပေက္ခာပြုကြတယ်။ ဒီတော့ သူတို့ရေးတာတွေဟာ ရိုးရိုးစင်းစင်းကြီး ဖြစ်နေတာပေါ့။ ဒီရောက်တတ်ရာရာ မှတ်ချက်တွေက ဂန္ထဝင်ကဗျာကိုပဲ ညွှန်းတာပါ။ ခေတ်ပေါ်ကဗျာကို ရေးဖို့ဆိုရင်တော့ လူတန်းစားတိုက်ပွဲနဲ့ ကုန်ထုတ်လုပ်မှုတိုက်ပွဲကို ထင်ဟပ်ပြရာမှာ နိမိတ်ပုံတွေကနေ စိတ်ကူးစိတ်သန်းတွေဖော်ကျူးတဲ့ နည်းကို ကျုပ်တို့သုံးရမယ်။ ဂန္ထဝင်နည်းနာတွေကို လိုက်စားကျင့်သုံးတာမျိုး လုံးဝ မလုပ်ရဘူး။ ဒါပေမဲ့ နောက်ဆုံး ဆယ်စုအနည်းအတွင်း တိုင်းရင်းဘာသာနဲ့ (တရုတ်စကား) ရေးတဲ့ ကဗျာတွေဟာ မအောင်မြင်ကြဘူး။ ကောင်းမွန်တဲ့ လူထုတေးသံအချို့တော့ ရှိပါရဲ့။ အနာဂတ်လမ်းကြောင်းကတော့ လူထုတေးသံကနေ အာဟာရ ရယူ၊ ပုံသဏ္ဌာန်တွေပြုပြင်ယူပြီး စာဖတ်ပရိသတ်အများစု နှစ်ခြိုက်မယ့် ကဗျာအမျိုးအစားအသစ်တစ်ခု ဖွံ့ဖြိုးတိုးတက်အောင် လုပ်တာဖြစ်လိမ့်မယ်နဲ့ တူတယ်။ စကားမစပ် လီဗို (၇၀၁–၇၆၂ ခုနှစ်က ကဗျာဆရာကြီး) ဟာ လူရှိ ကဗျာအရေးနည်းပါတယ်။ လီဟို(၇၉၀–၈၁၆ က ကဗျာဆရာ) လည်းပဲ အက္ခရာငါးလုံး လူရှိ အနည်းအကျဉ်းကလွဲရင် အက္ခရာ

mgyoe.com

mgyoe.com


ခုနှစ်လုံး တစ်ပါဒ တစ်ခါမှ မရေးဖူးဘူး။ လီယိုကို ကောင်းကောင်းဖတ်ထိုက်တယ်။ ခင်ဗျား စိတ်ဝင်စားရဲ့လား မသိဘူး။

ကျန်းမာရွှင်လန်းပါစေ
မော်စီတုန်း
ဇူလိုင် ၂၁၊ ၁၉၆၅။

စာကတော့ ဒါပါပဲ။

အရင်နှစ် ဒီဇင်ဘာ ၁၄ ရက်နေ့က ပီကင်းမြို့မှာ 'ရှိကန်' (ကဗျာ) စာစောင်က ကြီးမှူးပြီး ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့တယ်။ ကဗျာဆရာနဲ့ စာပေ ဝေဖန်ရေးသမား ၆၀ ခန့် တက်ရောက်ပြီး မော်ကချင်ယိဆီ ပေးတဲ့စာကို လေ့လာဆွေးနွေးကြတယ်။ သူတို့ပြောကြ ဆွေးနွေးကြတာတွေကတစ်ဆင့် သိရတာတွေကတော့ ...

ဖူပိနဲ့ ရှင်း ဆိုတာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ လောက်ဆီကလို့ ခန့်မှန်းရတဲ့ကဗျာတွေကို စုပေါင်းထားတဲ့ အစောဆုံး ကဗျာညွှန့်ပေါင်းကျမ်းတစ်ကျမ်းဖြစ်တဲ့ 'တေးကျမ်း'မှာ သုံးထားတဲ့ ဖော်ကျူးနည်း သုံးနည်းဖြစ်တယ်။ ဒီကဗျာကျမ်းဟာ ဂန္ထဝင် တရုတ်ကဗျာရဲ့ သရုပ်မှန်အစဉ်အလာကို နိဒါန်းပျိုးပေးခဲ့တယ်။ ဉက္ကဋ္ဌမော် ချီးကျူးတဲ့ လီပိုနဲ့ လီဟိုတို့ရဲ့ ကဗျာများမှာ 'ချူမင်းဆက် ကဗျာကျမ်း' လာ တရုတ်ကဗျာများရဲ့ ရောမန္တိကဝါဒ ဩဇာညောင်းနေတာ တွေ့ကြရတယ်။ ဒီ ကဗျာဆရာနှစ်ဦးခေတ်က လူရှိကဗျာခေတ်စားပေမယ့် သူတို့ဟာ တုန်းနဲ့ ကာရန် နည်းစနစ် တင်းကျပ်လွန်းတဲ့ လူရှိကဗျာကြောင့် အဟန့်အတား မဖြစ်ဘဲ စိတ်ခံစားမှုကိုသာ ဦးစားပေးခဲ့သလို ထူးခြားပြောင်မြောက်တဲ့ ကဗျာတွေ ရေးထုတ်နိုင်ခဲ့တယ်။

ဆယ်ရာစုမှာ စတင်တဲ့ စုန်မင်းဆက်မှာ ကဗျာဆရာ အများစုဟာ

mgyoe.com

mgyoe.com


ကဗျာရေးစပ်ရာမှာ စကားပြေ တဲခနီကကို သုံးကြတယ်။ သူတို့ကဗျာတွေမှာ ဆင်ခြင်တုံတရားက ခံစားမှုထက် အလေးကဲနေသမို့ တန်မင်းဆက်ကဗျာများလို အရိပ်အမြွက် ညွှန်းနိုင်စွမ်း၊ စိတ်ကူးနှိုးဆွနိုင်စွမ်း မရှိကြဘူး။ မော်က ဒါကို သူ့စာထဲမှာ ထောက်ပြထားတယ်။ ဒါပေမဲ့ ကဗျာအားလုံးကိုတော့ မပယ်ဘူး။ တချို့ဟာ နိမိတ်ပုံ ကြွယ်ဝတဲ့ ကဗျာကောင်းအချို့ ရေးနိုင်ခဲ့တယ်။

၁၉၆၇ ခုနှစ်က 'ရှီကန်'စာစောင် အယ်ဒီတာအဖွဲ့ဆီကိုရေးတဲ့စာထဲမှာ မော်က "လူငယ်တွေကို ဒါမျိုး (ဂန္ထဝင်ပုံစံ ကဗျာ) ရေးဖို့ အားမပေးသင့်ဘူး။ ဒါတွေက သူတို့ရဲ့စိတ်ကူးကို ချုပ်ချယ်လိမ့်မယ်။ သင်ယူရတာလည်း ခက်တယ်" လို့ ဆိုတယ်။ လီပိုနဲ့ လီဟိုတို့ လူရှီကဗျာအရေးနည်းတာဟာ ဒီကဗျာပုံသဏ္ဌာန်က သူတို့ရဲ့အတွေးကို ကျဉ်းကျပ်စေလို့ပါပဲ။ မော်ကိုယ်တိုင်လည်း ဒီကဗျာမျိုး အရေးနည်းပါတယ်။

၁၉၆၅ ခုနှစ် စာထဲမှာ မော်က "ကဗျာဆိုတာ စိတ်ကူးစိတ်သန်းတွေကို သယ်ဆောင်ပေးဖို့အတွက် နိမိတ်ပုံတွေကို သုံးတယ်" လို့ ရေးလိုက်တယ်။ ဒီနေရာမှာ ကဗျာနဲ့တကွ တခြားစာပေပုံသဏ္ဌာန်များ လိုက်နာရမယ့် အနုပညာနိယာမတရားကို ရှင်းပြလိုက်တာပါပဲ။ အနုပညာဆိုတာ နိမိတ်ပုံတွေကတစ်ဆင့် ဘဝကို ထင်ဟပ်ပြတာဖြစ်လေတော့ စိတ်ကူးစိတ်သန်းတွေကို သယ်ဆောင်ပေးဖို့ နိမိတ်ပုံတွေကို သုံးတာဟာ အနုပညာရဲ့ အဓိကသဘောလက္ခဏာဖြစ်ပါပေတယ်။ အနုပညာနဲ့ ဝိဇ္ဇာပညာ (သိပ္ပံ) မတူဘူး။ ဝိဇ္ဇာပညာက ထွေပြားတဲ့ ကမ္ဘာအသွင်အပြင်တွေကို အကျိုးသင့်အကြောင်းသင့် ခွဲခြားစိတ်ဖြာမှုကနေ ရှင်းလင်းတယ်။ အနုပညာကတော့ နိမိတ်ပုံတွေကတစ်ဆင့် အကျိုးသင့်အကြောင်းသင့် နိဂုံးဆီ ရောက်စေတယ်။ စာရေးဆရာ၊ ကဗျာဆရာ၊ အနုပညာသမားတွေဟာ ဖန်ဆင်းစိတ်ကူးရာ ခိုင်မာပီပြင်တဲ့

mgyoe.com

mgyoe.com


နိမိတ်ပုံတွေက ကင်းကွာလို့ မရဘူး။ နိမိတ်ပုံတွေကနေ စိတ်ကူးကို သယ်ဆောင်ပေးရမယ်။ ဝိဇ္ဇာပညာမှာ လုပ်သလို သဘောကောင်းချက်တွေနဲ့ ဆိုလို့မရဘူး။

တစ်လောက တရုတ်မဂ္ဂဇင်းတစ်စောင်က နိမိတ်ပုံသုံးတာ မာ့က္ခဝါဒနဲ့ ဆန့်ကျင်တယ်။ ပြုပြင်ရေးကျတယ်။ ဘာညာနဲ့ ဆိုခဲ့တယ်။ ကဗျာဆိုတာဘဝကို နိမိတ်ပုံတွေကတစ်ဆင့် ထင်ဟပ်ပြရမှာပဲ။ ဇာတ်လမ်းကဗျာက ဇာတ်ကောင်တွေကို သရုပ်ဖော်သလို လီရိက ကဗျာကလည်း ဇာတ်ကောင်တွေရဲ့ စိတ်ခံစားမှုတွေကို ဖော်ပြရမှာပဲ။ ပြည်သူတွေရဲ့ ဘဝရဲ့တိုက်ပွဲကို အမြဲမပြတ် ရှုမြင်မှတ်သားမှု၊ တွေ့ကြုံမှု၊ လေ့လာမှု၊ ခွဲခြမ်းစိတ်ဖြာမှု ပြုနေမှသာ နိမိတ်ပုံများကို ဖန်ဆင်းနိုင်မယ်။ ပီပြင်၊ ခိုင်မာ၊ ပေါ်လွင်တဲ့ ခံစားမှုပစ္စည်းတွေ အမြောက်အမြားထဲကသာ နိမိတ်ပုံတွေ စစ်ထုတ်နိုင်တယ်။ အသက်ဝင်ခိုင်မာတဲ့ နိမိတ်ပုံမပါဘဲ ဖန်ဆင်းစိတ်ကူးမှုမရှိနိုင်ဘူး။ နိမိတ်ပုံကို ပယ်ရာမှာ ဒီပညာရပ်တွေဟာ ခေတ်ရဲ့ စာပေအနုပညာ အတွေးအခေါ်ကို ပယ်တာပါပဲ။

၁၀ နှစ်များဆီလောက်ကပဲ မော်က ခေတ်ပေါ်ကဗျာဟာ ထိမိရမယ်။ ရစ်သမ်ရှိရမယ်။ ပါဒအလျားဟာ အနည်းနဲ့အများ အတူတူရှိသင့်တယ်။ ခေတ်ပေါ်ကဗျာ ပြုပြင်ရေးမှာ အခက်အခဲများရှိမယ်။ ခေတ်ပေါ်ကဗျာကို လူထုတေးသံနဲ့ ဂန္ထဝင်ကဗျာများကနေ ဖွံ့ဖြိုးတိုးတက်ယူရမယ်လို့ ညွှန်ပြခဲ့ဖူးတယ်။ ခေတ်ပေါ်ကဗျာ ပေါ်ထွန်းပြီး အနှစ် ၆၀ အတွင်းမှာ ဒီပြဿနာ ဖြေရှင်းရေး မအောင်မြင်သေးဘူး။ ဒါကို အလေးအနက် စဉ်းစားကြရမယ်။ ခေတ်ပေါ်ကဗျာဟာ လူထုတေးသံနဲ့ ဂန္ထဝင်ကဗျာလို တိုရမယ်၊ တိကျရမယ်၊ ပီပြင်ရမယ်၊ အသက်ဝင်ရမယ် ဖြစ်ပေမယ့် နှစ်ခုစလုံးနဲ့ပဲ ကွာခြားတယ်။ လူထုတေးသံနဲ့ ဂန္ထဝင်ကဗျာကနေ အာဟာရယူ၊ ပုံသဏ္ဍာန်တွေ ပြုပြင်ယူပြီး ပြည်သူလူထုက မြတ်နိုးတဲ့

mgyoe.com

mgyoe.com


အင်္ဂလိပ်သဒ္ဒါကို ညွှန်းပြတယ်။ မာရေးရဲ့ သဒ္ဒါမှာ ဥရောပ အစဉ်အလာ အတိုင်း လေးပိုင်း ပိုင်းထားတယ်။ Orthography. Etymology. Syntax; Prosody ပါတဲ့။ prosody မှာ နှစ်ပိုင်း ပါဝင်တယ်။ ပထမပိုင်းက စကားလုံး အသံထွက် မှန်ကန်ရေးနဲ့ ပတ်သက်ပြီး အက်ဆင့်၊ ပမာဏ၊ အလေးပြုမှု၊ တန့်ရပ်မှု၊ တုန်းတို့ ပါဝင်ပြီး ဒုတိယပိုင်းမှာ ကဗျာဖွဲ့နည်း ပါဝင်တယ်။

ဒီတော့ ကဗျုပဒေသနဲ့ ဘာသာဗေဒရဲ့ prosody ဟာ ရင်းမြစ် အရရော သဘောအရပါ စပ်နွယ်မှု ရှိနေကြတာမို့ အေဘာ ကရွမ်ဘီက prosody ဟာ သူ့ရဲ့ (သဒ္ဒဗေဒဆရာတစ်ဦးရဲ့) အတည်တမ်း အလုပ် ဖြစ်တယ်။ အပျော်တမ်း မဟုတ်ဘူးလို့ ဆိုလိုက်တာပါပဲ။

မြန်မာ့ရှေးဟောင်း ကဗျုပဒေသရဲ့ ဆန်းဂိုဏ်းဆိုတာကတော့ ကော . . .

"'ဆန်း' ဆိုတာ ပါဠိ 'ဆန္ဒ၊ ဆန္ဒသာ' ဆင်းသက်လာတာ၊ ကဗျု ပဒေသာပါပဲ။ ဒီ ပါဠိ–သက္ကတ ကဗျုပဒေသဟာ ခေါမ– ရောမတို့လိုပဲ ကွန္တိတကဗျုပဒေသနည်း၊ ဒီဃ–၊ ရဿ၊ ဂရု–လဟု စတဲ့ သရရဲ့ အတို အရှည် ပမာဏအလိုက် ဝဏ္ဏတွေကို ဂိုဏ်း(Foot) ဖွဲ့ သီကုံးတဲ့နည်း၊ ဒီတော့ 'ဆန်းဂိုဏ်း' လို့ ဆိုလိုက်ရင် ရှေးရိုးစဉ်လာ ကဗျုပဒေသသမား ရဲ့စိတ်မှာ ဂရု–လဟု စတဲ့ Prosodies တွေကို သွားပြီး မြင်ယောင်စေ တယ်။ ဒါကြောင့် ကျွန်တော်က တွဲဖက်အနက်ပါထွက်အောင် 'ဆန်းဂိုဏ်း သဘောတရား' လို့ ဘာသာပြန်လိုက်တာ။

မင်းမော် အထအန ကောက်လေသမျှထဲမှာ တစ်ခုပဲ ရေးတေး တေးရှိတယ်။ အဲဒါကတော့ Chest-Pulse ကို 'ရင်အခုန်' လို့ ဘာသာ ပြန်မှု။ ကျွန်တော်ကိုယ်တိုင် ရေးစဉ်က 'နှလုံးအခုန်' နဲ့ ရောလေမလား သံသယဝင်မိသေးတယ်။ နောက်မှ Movement နဲ့ မတူစေချင်တာ

mgyoe.com

mgyoe.com


တစ်ကြောင်း၊ ရှေ့တန်းပြဿနာလည်း မဟုတ်တာတစ်ကြောင်း ဒီအတိုင်းပဲ (ရင်အခုန်) သုံးလိုက်တယ်။ ရင်အခုန်အရ ဝဏ္ဏဖြစ်ပုံ ဖော်ပြတာဟာ အေဘာကရှမ်ဘီကို တစ်ဆင့် ပြောပြတာပဲ။ ဒီသီအိုရီ အခြေခိုင်မခိုင် ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး။ နို့ ဘယ်သီအိုရီကတော့ ခိုင်ခဲ့လို့လဲ။ သိပ္ပံပညာဆိုတာ နေ့စဉ်နဲ့အမျှ တိုးတက်နေတာ။ နောက်ပြီး သရနဲ့ ဗျည်းစည်းခြားမှု။ ဝဏ္ဏဆိုတာ ဘာလဲဖွင့်ဆို သတ်မှတ်မှုစတဲ့ ပြဿနာတွေဟာ ဘယ်သူမှ အတိအကျ တထစ်ချ ပြောလို့မရတဲ့ကိစ္စရပ်တွေပဲ။ ဘာသာဗေဒဆရာတွေ ငြင်းလို့ ခုံလို့ မဆုံးနိုင်တဲ့ဟာတွေကပဲ။

ကျွန်တော့်ဆောင်းပါးမှာ အင်္ဂလိပ်ကဗျာအကြောင်း တင်ပြနေတာဟာ အင်္ဂလိပ်နည်းကို မြန်မာနည်း လုပ်ရမယ်လို့ ပြောနေတာ မဟုတ်ပါဘူး။ တိတိကျကျ ပြောထားပြီးပါ။ မင်းမော်ဟာ တမင်ရောထွေးပစ်နေတယ်။

"မြန်မာစတဲ့ ဘာသာစကားမျိုးမှာတော့ ဒီလိုမဟုတ်ဘူး . . . "

"အင်္ဂလိပ်ကဗျာရဲ့ ရစ်သမ်ရဲ့အခြေခံဟာ အင်္ဂလိပ်စကားရဲ့ ဂရုသံနဲ့ နရီကိုက်တဲ့ ရစ်သမ်ပါပဲ။ ဝဏ္ဏနဲ့ ချိန်ကိုက်တဲ့ မြန်မာစကားရဲ့ ရစ်သမ 'ဟာလည်း မြန်မာကဗျာရဲ့ ရစ်သမ်ပဲ ဖြစ်တယ်" (ကဗျာမှာ အသံ)

မင်းမော်က 'မြန်မာစည်းဝါး လှုပ်ရှားမှုသည် တကျကျသံ၌သာ ရှိဂုမည်ဟူသော အချက်ကို အထောက်အထားပြ၍ ဖော်ပေးသင့်သည်' ဆိုပြီး ကျွန်တော့်ကို 'တိုက်တွန်း' လိုက်သေးတယ်။ ခက်တော့တာပဲ။ ဒီလူတွေ ဝေဖန်ချင်အားကြီးနဲ့ ကိုယ်ဘာပြောလို့ ဘယ်ရောက်မှန်းမသိတော့ဘူးနဲ့ တူတယ်။ သူ့စာ အထက်နားမှာပဲ ကျွန်တော်က တုန်း ၂ မျိုး ပိုင်းခြားပုံကို တိုင်းပြည်ပျက်တော့မတတ် သူအော်ခဲ့သေးတယ်။ အဲဒီတုန်းအကြောင်း ကျွန်တော်ပြောနေတာ မြန်မာ့ရစ်သမ်စနစ်ကို ပြောနေတာပေါ့ခင်ဗျ။

mgyoe.com

mgyoe.com


"မြန်မာစကားပြောရာမှာ အကျတုန်းနဲ့ အပြေတုန်းတွေကို အလှယ်လှယ်လုပ်ပြီး ပြောသွားတယ်။ မြန်မာစကားရဲ့ ရစ်သမ်ပါပဲ။ မြန်မာကဗျာရဲ့ ရစ်သမ်အခြေခံဟာလည်း ဒါပါပဲ" (ကဗျာမှာအသံ)

မြန်မာ့ရစ်သမ်စနစ်ဟာ တုန်းကိုအခြေခံထားတဲ့အကြောင်း ကျွန်တော်တို့ ဆိုခဲ့တာ အခုမှ မဟုတ်ပါဘူး။ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းရဲ့ ရှင်မဟာရဋ္ဌသာရ နှစ် ၅၀၀ ပြည့် အထိမ်းအမှတ်အခမ်းအနားမှာ ကျွန်တော် စာတမ်းတစ်စောင် တင်ခဲ့တယ်။ အဲဒီစာတမ်းမှာ မြန်မာကဗျာရဲ့ ရစ်သမ်ကို ကျွန်တော်ဆွေးနွေးခဲ့ပါတယ်။

"ကဗျာရစ်သမ်ကို အင်္ဂလိပ်စတဲ့ ဥရောပဘာသာစကားတွေမှာတော့ အသားပေးရွတ်ရတဲ့ အသံ (Accent) ပါမပါပေါ်မူတည်ပြီး ဆုံးဖြတ်တယ်။ ပါဠိ သက္ကတတို့ကတော့ သရအတိုအရှည်ကို ဂရုလဟုခွဲခြားဆုံးဖြတ်တယ်။ တရုတ်မှာတော့ တုန်းကိုကြည့်ပြီး သတ်မှတ်တယ်။ မြန်မာဟာ တရုတ်လို တုန်းဘာသာဖြစ်လေတော့ တုန်းကိုကြည့်ပြီးတော့ပဲ အသံစနစ်ကို ဆုံးဖြတ်ကြပါမယ်။

"ဒီ (တုန်း) ၃ မျိုးမှာ တုန်းနှစ်ဟာ မနိမ့်မမြင့် သံမှန်၊ ဝါ၊ သံပြေ (Level Tone) ဖြစ်ပြီး ၁ နဲ့ ၃ က အကျတုန်း (Falling Tones) ဖြစ်တယ်။ သံပြေကို ပုံမှန်အသံရယ်လို့ သတ်မှတ်လိုက်ပြီး အကျတုန်းတွေကို သံထူး (Deflected Tone) ရယ်လို့ သတ်မှတ်လိုက်တယ်။ သံမှန်တုန်းနဲ့ သံထူးတုန်းတို့ကို တစ်လှည့်စီ အလှယ်လှယ် ထည့်သွင်းဖွဲ့သီတာဟာ မြန်မာကဗျာရဲ့ ရစ်သမ်သဘောပါပဲ"

"ဒီနေရာမှာ သတိပြုစရာလေးတွေကတော့ တုန်း ၁ ရော ၃ ပါ သံထူးလို့ ဆိုပေမယ့် ၃ နဲ့ ယှဉ်လိုက်တဲ့အခါ ၁ ဟာ အားပျော့သွားတယ်။ ဒါကြောင့် သံမှန်ပဲ သဘောထားရမယ်။ တုန်း ၃ ချည့် နှစ် လုံးသုံးလုံး ဖြစ်နေရင်လည်း ကာရန်ကျရာ တုန်းကိုသာ သံထူးလို့ သတ်မှတ်တယ်။

mgyoe.com

mgyoe.com


'လွှားတမ်းခွန်' က 'တ(မ်)' ဟာလည်း ရွတ်ဆိုရာမှာ တုန်း မရှိဘူး။ ဒါကြောင့် သံရိုးပဲ"

တုန်းကို အခြေခံပြီး မြန်မာကဗျာရဲ့ ရစ်သမ်ကို ဖော်ထုတ်ဖို့ ကျွန်တော်တို့ အကြံရတာက ဒီလိုပါ။ အစဉ်အလာ မြန်မာ့ကဗျာပဒေသ ကျမ်းတွေကို စနစ်တကျ လေ့လာလိုက်တဲ့အခါ အခေါ်အဝေါ် ဝေါဟာ ရသာ မတူတယ်။ သူ့နည်းသူ့ဟန်နဲ့ အသံသဘော တင်ပြသွားတာတွေ ကို တွေ့ကြရတယ်။ အထူးသဖြင့် အချိုးစပ်တွေမှာ ပိုလို့ထင်ရှားတယ်။ လေးလုံးစပ်မှာတော့ အသံထက် ကာရန်ကို ဦးစားပေးနေကြတယ်။ ကျွန်တော်တို့က အချိုးစပ်ရဲ့ သံပြေသံထူးစနစ်ကို လေးလုံးစပ်မှာလည်း တိုးချဲ့အသုံးပြုရမယ်လို့ သွားမြင်မိတယ်။ ဒါနဲ့ လေးလုံးစပ်တွေကို စိစစ်လေ့လာကြည့်တော့ ဒီစနစ်ဟာ အလုပ်ဖြစ်နေတာကို တွေ့ရပါတယ်။ ဒီအချိန်မှာ တရုတ်စာပေ မဂ္ဂဇင်းတစ်ခုမှာ တရုတ်ကဗျာဖွဲ့နည်း ဆောင်းပါးတစ်စောင် ဖတ်ရပါတယ်။ အဲဒီတော့မှ တရုတ်ကဗျာရဲ့ ရစ်သမ်ဟာ ကျွန်တော်တို့ မြန်မာနည်းနဲ့ သွားဆင်နေတာ တွေ့ရပြန် တယ်။ အထက်က သံထူး(Deflected Tone) ဆိုတာ တရုတ်ကယူ လိုက်တာပါပဲ။ နောက်တော့ ကျွန်တော်တို့ အဆိုကို အမေရိကန် ဘာသာ ဗေဒပညာရှင် ဆာပီယ(Sapir)ကလည်း ထောက်ခံနေတာ တွေ့ရပြန် တယ်။

"...the alternation of syllables with level tone and syllables with inflected (rising or falling) tone is peculiar to Chinese"

" ... Latin and Greek verse depends on the principle of contrasting weights. English verse, on the principle of contrasting of stresses; French verse on the principles of num-

mgyoe.com

mgyoe.com


ber and echo; Chinese verse, on the principles of number, echo, and contrasting pitches."

(သံပြေတုန်း ဝဏ္ဏနဲ့ သံထူး (အတက်ဝါ အကျ) တုန်း ဝဏ္ဏတွေ အလှယ်အလှယ်လုပ်တာဟာ တရုတ်စကားရဲ့ ဝိသေသပါပဲ။ လာတင်နဲ့ ဂရိတ်ကဗျာက အလေးမညီမျှမှု သဘောတရားပေါ်၊ အင်္ဂလိပ်ကဗျာက ဂရုသံ မညီမျှမှု သဘောတရားအပေါ်၊ ပြင်သစ်ကဗျာက (ဝဏ္ဏ) အရေအတွက်နဲ့ ပဲ့တင်သံ သဘောတရားပေါ် တရုတ်ကဗျာက (ဝဏ္ဏ) အရေအတွက် ပဲ့တင်သံနဲ့ အသံနိမ့်မြင့် မညီမျှမှု သဘောတရားပေါ် တည်ကြတယ်)

ဆာပီယရဲ့ Inflected tone ဟာ ကျွန်တော်တို့ရဲ့ Deflected tone နဲ့ အတူတူပါပဲ။ ဒီနေရာမှာ Inflected ဆိုတာ သဒ္ဒါက ရုပ်ပြောင်းတာနဲ့ မဆိုင်ဘူး။ ဂီတဗေဒက ယူပြီး ပြောတာပါ။ ပဲ့တင်သံဆိုတာက ကာရန်ကို ပြောတာ။

တရုတ်စကားမှာ တုန်း ၄ မျိုး ရတယ်။ ဒါပေမဲ့ ရစ်သမ်ဖော်ထုတ်ရာမှာ ၂ မျိုးပဲ ခွဲခြားတာကို ဆာပီယက ထောက်ခံထားတယ်။ မင်းမော်ဟာ ဘာသာစကားမှာ တုန်း ဘယ်နှခုဆိုတာလောက်ပဲ သိတယ်။ ရစ်သမ် သဘောအရ ခွဲခြားတာထိ သူ မလေ့လာဘူး။ ဒါကြောင့်လည်း ကျွန်တော်တို့က တုန်း ၂ မျိုးလို့ ပြောတာကို မဆိမဆိုင် ဘာသာဗေဒ ကျမ်းကိုးတွေနဲ့ ပွက်လောရိုက်ပြတယ်။ တကယ်ကတော့ သူ့မှာ ရှိသမျှ ဘာသာဗေဒ အထုပ်ကလေး ဖြေပြလိုက်တာပါပဲ။

ခေတ်ပေါ်ကဗျာဟာ စကားပြော ရစ်သမ်ကို အသုံးချတဲ့ အကြောင်းဆိုခဲ့ပြီ။ စကားပြော ရစ်သမ်ဆိုတာ အေတာကရှမ်ဘီ ကိုးကားတဲ့ ဟော့ပကင်းရဲ့ Sprung Rhythm ပါပဲ။ အဲဒီစကားပြော ရစ်သမ်တွေကို ကဗျာထဲမှာ ဒနသားတကျ စီစဉ်ထည့်သွင်းလိုက်တဲ့အခါ ဖြစ်ပေါ်

mgyoe.com

mgyoe.com


လာတဲ့ အသံသွား အသံလာကို ကေးဒန့်စ် (Cadence) လို့ခေါ်ကြတယ်။ ကနေ့ ပြည်သူတွေ ပြောဆိုသုံးနှုန်းနေတဲ့ ကေးဒန့်စ်တွေကို ကျွန်တော်တို့ ကဗျာဆရာတွေဟာ လေ့လာဆည်းပူးရမယ်။ ကဗျာထဲ ထည့်သွင်းဖွဲ့သိရမယ်။ ဒီနေရာမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ နမူနာကို ယူရမယ်။

ဒီတော့ ဟော့ပကင်းစ်က စခဲ့တဲ့ ကဗျာဆရာတွေ၊ အေဘာက ရှမ်ဘီလို သဒ္ဒဗေဒပညာရှင်တွေကို သံယောင်လိုက်ပြီး အော်လိုက်ပါရစေဦး။ ကဗျာဆရာဟာ ကဗျာရေးဖို့ သီးခြား ကဗျုပဒေသ စည်းစနစ် လေ့လာစရာ မလိုပါဘူး။ မြန်မာလူမျိုး တစ်ယောက်သာဖြင့် မြန်မာ့ စကားပြောရစ်သမ်တွေ၊ ကေးဒန့်စ်တွေကို နားလည်ပြီးသား၊ အကျွမ်းဝင် ပြီးသားပါ။

❒

mgyoe.com

mgyoe.com

# အချိုးကဗျာရဲ့ အသံစနစ်

ရှေးဟောင်း မြန်မာကဗျာရဲ့ ရစ်သမ်စနစ်ကို လေ့လာကြည့်ရင် လေးလုံးစပ်မှာထက် ဒွေးချိုး၊ လေးချိုး စတဲ့ အချိုးစပ်တွေမှာ ပိုလို့ သိသာမြင်သာတယ်။ ဒီကဗျာလေးကို ကြည့်ပါ။

မည်းမည်း မည်းမည်းနဲ့

ထရံမှာနား။

လောက်လေးကို နင် မကြောက်တယ်

သွားဟဲ့ ကျီးကန်း။

ကာရန်သမားတွေက ကာရန်အကြောင်း နားမလည်လို့ ကာရန် မထည့်တတ်ပုံကို သရော်တဲ့ ကဗျာလေးပါ။ ဟုတ်ကဲ့၊ ဒီကဗျာလေးမှာ ကာရန် မပါပါဘူး။ ဒါပေမဲ့ အသံအနေအထားကတော့ ဒွေးချိုးတစ်ပုဒ်ရဲ့ အသံသွား အသံလာဖြစ်ကြောင်း မြန်မာကဗျာနဲ့ ယဉ်ပါးသူတိုင်း ဝန်ခံရပေလိမ့်မယ်။ ဒါကြောင့် ကာရန်စနစ်အပြင် အသံစနစ်၊ ရစ်သမ် စနစ်လည်း ရှေးရိုးကဗျာမှာ ရှိလေရဲ့လို့ ဆိုရခြင်းပါပဲ။

အချိုးကဗျာကို အချိုးလို့ခေါ်တဲ့ ပါဒအတွဲလေးတွေနဲ့ ဖွဲ့တယ်။

mgyoe.com

mgyoe.com


အချိုးနှစ်ခု ရှိရင် ဒွေးချိုး၊ လေးခုရှိရင် လေးချိုးလို့ ခေါ်တာပါပဲ။ တစ်ချိုးတစ်ချိုးမှာ ရှိတဲ့ ပါဒလေးတွေကိုမှ တစ်ခါ ဝဏ္ဏအတွဲလေးတွေ တစ်တွဲနှစ်တွဲ (ရုံဖန်သုံးလေးတွဲ) ခွဲယူပြန်တယ်။ ဝဏ္ဏတစ်တွဲ (ဂိုဏ်း) မှာ သံထူးလို့ ခေါ်တဲ့ ကျသံတုန်း အနည်းဆုံး တစ်ခုပါရပြီး တစ်တွဲမှာ မပါခဲ့ရင် သူ့နောက်က အတွဲမှာ မုချပါရတယ်ဆိုတာကို တွေ့ကြရတယ်။

| | |
|---|---|
| အချိုး ၁ | တောင်တောရယ်သာ၊ (ဝဏ္ဏတွဲ တစ်တွဲ၊ တစ်ပါဒ) |
| | မာလာကာ၊ ငုံဖူး (ဝဏ္ဏတွဲ ၂ တွဲ တစ်ပါဒ) |
| အချိုး ၂ | တစ်ပင်ကို နှစ်ပင်ယှက်တယ် (ဝဏ္ဏ ၂ တွဲ၊ တစ်ပါဒ) |
| | ကျေးငှက်က မြူး။ ။ (ဝဏ္ဏတွဲ ၃–တစ်ပါဒ) |

ဒီဒွေးချိုးကဗျာကို လေ့လာကြည့်ရင် ဝဏ္ဏတွဲ တစ်တွဲမှာ ဝဏ္ဏ တစ်လုံးကနေ လေးလုံးထိ ပါနေတယ်။ တစ်တွဲ တစ်တွဲမှာ အသံထူး အနည်းဆုံး တစ်ခုပါနေတယ်ဆိုတာ တွေ့ရလိမ့်မယ်။ ဒီလိုနဲ့ သံထူး သံပြေ အလဲအလှယ်လုပ်ပြီး ရစ်သမ်ကို ဖော်ကျူးသွားတာပါပဲ။

အချိုး ၂ ရဲ့ ပထမပါဒက 'တစ်ပင်ကို'မှာ အသံထူး မပါတာကို တွေ့ရလိမ့်မယ်။ ဒီလို ဝဏ္ဏတွဲ နှစ်တွဲပါတဲ့ ပါဒမှာ ရှေ့က ဒါမှမဟုတ် နောက်က ဝဏ္ဏတွဲဟာ အသံထူး မပါဘဲ ရှိနေတာကို မကြာမကြာ တွေ့ရလေ့ရှိတယ်။ ဒါကို အသံဆိတ် အသံထူး (Silence)လို့ ဆိုရမယ်။ အကြောင်းကတော့ သူ့နေရာမှာ အသံထူးတစ်ခု ထည့်ရင် ရနိုင်လို့ပါကဲ။ ဥပမာ–

(သစ်) တစ်ပင်ကို နှစ်ပင် ယှက်တယ်၊ ဒါမှမဟုတ် တစ်ပင် (ထက်) ကို နှစ်ပင် ယှက်တယ်။

ဒါပေမဲ့ ဝဏ္ဏတွဲ နှစ်တွဲရှိတဲ့အနက် တစ်တွဲမှာမှ သံထူးမပါလို့တော့ မရဘူး။

တောင်တောရယ်သာ၊

mgyoe.com

mgyoe.com


မာလာငယ်ငုံစီ၊
တစ်ပင်ကို နှစ်ပင်ယှက်တယ်
ဝံလိုဝယ်ကြည် . .

ဒွေးချိုးတော့ ဒွေးချိုးပဲ။ ကာရန်မိတာပဲ။ ဒါပေမဲ့ အသံလိုနေတာ။ 'ထောင့်' နေတာ ခံစားရလိမ့်မယ်။

ဒါကြောင့် မြန်မာကဗျာမှာ သံပြေနဲ့ အသံထူး အလှယ်လှယ် လုပ်သွားတာ ရစ်သမ်စနစ်ရဲ့ အခြေခံဖြစ်ကြောင်း ထင်ရှားတယ်။ အဲ . . . ဒီအလှယ်အလှယ်လုပ်မှုဟာ ဝဏ္ဏအရေအတွက် ညီညီနဲ့ ရဲဂူလာကျကျတော့ မဟုတ်ဘူး။ နို့ ဘယ်ဘာသာစကားရဲ့ ကဗျာ ကကော ဝဏ္ဏအရေအတွက် ညီညီနဲ့ ရဲဂူလာ (ရှေးအင်္ဂလိပ်ကဗျာရဲ့ မတြာစနစ်မျိုး) ဖြစ်တော့ လို့တုန်း၊ ဒါကနေ့ခေတ်ရဲ့ တိုးတက်လာတဲ့ ရစ်သမ်စနစ်ပါပဲ။ ဒီနေရာမှာ မြန်မာ့ကဗျာပဒေသက အင်္ဂလိပ်စတဲ့ အနောက်တိုင်း ကဗျာပဒေသတွေရဲ့ အရင် လေးငါးရာစုသာလွန်ခေတ်မီ ခဲ့တယ်လို့ ဆိုရလိမ့်မယ်။ အင်္ဂလိပ် ကဗျာပဒေသမှာ ရဲဂူလာစနစ်ကို ပယ်ဖျက်တာက ၂၀ ရာစုအစ ဟော့ပကင်းစ်တို့ ခေတ်ကျမှ စတင်တာ)

ရဲဂူလာမဖြစ်ဘူးဆိုရာမှာ ဝဏ္ဏ အရေအတွက်ညီညီနဲ့ မှန်မှန်မသွား တာကိုသာ ဆိုလိုတာ။ ဝဏ္ဏတွဲ တစ်တွဲမှာ (ဝါ တစ်ပါဒမှာ) အနည်း ဆုံး အသံထူးတစ်ခုပါရကြောင်းကိုတော့ သတိပြုပါ။

အချို့ ကဗျာစပ်မယ့်သူဟာ သူ့ကဗျာမှာ ဘယ်နှချိုးပါမလဲ။ တစ်ချိုးမှာ ဘယ်နှပါဒထည့်မလဲ၊ တစ်ပါဒမှာ ဝဏ္ဏတွဲ ဘယ်နှတွဲ သွတ်သွင်းမလဲ ကြည့်ရတယ်။ ကြည့်ပြီးတော့ အသံထူးကို ဘယ်နေရာ ထားမလဲ ချင့်ချိန်ရတယ်။

ဥပမာ– လေးချိုးစပ်မယ် ဆိုပါစို့။

ပထမအချိုးမှာ တစ်ပါဒတည်း ပါမယ်ဆိုရင် အဲဒီ ပါဒ အဆုံးဟာ

mgyoe.com

mgyoe.com


သံပြေ၊ (အာ၊ အီ အူ) ဖြစ်ရလိမ့်မယ်။ ဒါကြောင့် အသံထူးကို နောက်နားမှာ မရှိစေဘဲ ရှေ့နားမှာပဲ တတ်နိုင်သမျှ ပို့ပေးရလိမ့်မယ်။ ဖြစ်နိုင်ရင် ဝဏ္ဏတွဲ နှစ်တွဲယူပြီး ရှေ့အတွဲမှာသာ သံထူးပါစေပြီး နောက်အတွဲမှာ သံပြေချည့် လာစေရလိမ့်မယ်။

ပန်ပါတဲ့၊ ပန်ပါ

သူ့ခေါင်းမှာတဲ့ သပြေညို။

အဲဒီလို ပထမပါဒရဲ့ အဆုံး ဝဏ္ဏတွဲဟာ သံပြေချည့်ရှိနေရင် နောက်ပါဒရဲ့အစ ဝဏ္ဏတွဲဟာ အသံထူးလာမှကို ဖြစ်တော့တယ်။

ပန်ပါတဲ့၊ ပန်ပါ

ပျိုတို့မောင် တောင်ပေါ်ရိုးက . . .

သူ့ခေါင်းမှာတဲ့ သပြေညို

တို့ ပြေမှာ တို့မေကမ်းပါတဲ့ . . .

တကယ်လို့ ပထမအချိုးမှာ နှစ်ပါဒပါမယ်ဆိုရင်ဖြင့် ဒုတိယပါဒရဲ့ အဆုံးဟာ သံပြေရှိမှာကြောင့် ပထမ ပါဒအဆုံးပိုင်းဟာ မုချ အသံထူး ဖြစ်ရလိမ့်မယ်။

မဝယ်ဘူး

မယ်ရူးတဲ့ ဖက်စို။

ယဥ်မကျေး

တောသွေးမို့ နုံချာချာ

ဒီလိုနဲ့ သုံးပါဒလေးပါဒ စသဖြင့် တက်သွားတိုင်း အချိုးဆုံးမယ့် ပါဒရဲ့ အသံကို ကြည့်ပြီး သံပြေ၊ ဒါမှမဟုတ် သံထူးကို အလိုက်သင့် ကြိုတင်ထည့်ပေးတတ်ရတယ်။ ဒါမှ အချိုးကဗျာစပ်တတ်တယ်လို့ ခေါ်တယ်။ အချိုးကဗျာစပ်နည်းသင်ရင် ကာရန်ယူပုံနည်းစနစ်နဲ့တင် ပြောလို့ မရဘူး။ အသံအသွားအလာကိုပါ ထည့်ပြောရတယ်။ ဒီလို အသံ

mgyoe.com

mgyoe.com


သဘောနားမလည်တဲ့ အချိုးကဗျာစပ်ရင် အသံထောင့်တော့တာပဲ။

ဒါ သမားရိုးကျ အချိုးကဗျာရဲ့ အခြေခံရစ်သမ်စနစ်ပါပဲ။ ဒီရစ်သမ်ကိုမှ တစ်ခါ ဂီတသံနှယ်မှုက အုပ်လွှမ်းထားပြန်တယ်။ ဂီတသံဆိုတာကတော့ အစဉ်အလာ တေးဆိုတဲ့ နည်းအတိုင်း ဆိုလို့ရအောင် (ဝါ) စည်းဝါးကိုက်အောင် အသံတွေ ထည့်ပေးခြင်းပါပဲ။ ဒီလို ထည့်ပေးလိုက်တဲ့အတွက် များသောအားဖြင့် စကားပြော ရစ်သမ်နဲ့ ကွာခြားသွားတာကို တွေ့ကြရတယ်။

ကာမဘောင် ရှုပ်အထွေးကို (လှ)
ပျိုလေး(မယ်) မခင်လို့
ရှန်းချင်ပြီ (ဆု) ပန်ကြားသူရဲ့
တားမြစ်ဖို့ ခွင့်မသာ။

ဒီကောက်နုတ်ချက်မှာ ကွင်းဝိုက်ပြထားတဲ့ စကားလုံးတွေဟာ တေးသီလို့ရအောင် တစ်နည်း၊ စည်းဝါးကိုက်အောင် ထည့်ပေးထားတဲ့ စကားလုံးတွေပါပဲ။ သူတို့ ပါနေတဲ့အတွက် တေးဆိုလို့ ညက်ညောပါရဲ့။ စကားပြော ရစ်သမ် မပေါ်လာတော့ဘူး။ သူတို့ကို ဖြုတ်ဆိုကြည့် စကားပြောနေတဲ့ အသံပေါ်လာလိမ့်မယ်။ ဒီတော့ စကားပြော ရစ်သမ်ဆိုတာ စကားပြောရာမှာ သုံးတဲ့စကားလုံးတွေ သုံးတာ မသုံးတာနဲ့ မဆိုင်ဘူး။ အသံတွေကို နေသားတကျ စီစဉ်ပုံမှာသာ တည်ကြောင်းသိသာလိမ့်မယ်။

လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်က ကျွန်တော်တို့ကိုယ်တိုင် အချိုးကဗျာမှာ လွှမ်းထုံနေတဲ့ ဂီတသံကို ဖြုတ်ပြီး စကားပြေရစ်သမ်ရအောင် စမ်းသပ်ဖူးပါတယ်။

ကဗျာစပ်ချင်ရဲ့
ရွတ်ဖတ်လို့လည်း ကောင်းရမယ်၊

mgyoe.com

mgyoe.com


စာသားက နွဲ့နှောင်း
တစ်ကြောင်း နှစ်ကြောင်းပဲ ဖြစ်ပါစေရှင်။

ဒီကဗျာကို စုပေါင်း ကဗျာစာအုပ် တစ်ခုမှာ ထည့်သွင်းလိုက်တော့ ရှေးရိုးသမားကြီးတစ်ဦးက အသံမှားနေတယ်ဆိုပြီး ပြင်စပ်ပြတယ်။ သဘောကတော့ ဂီတသံမပါတော့ဘူးလို့ ပြောတာပါပဲ။ သူပြင်စပ်ပြတာကို ကျွန်တော် မမှတ်မိတော့ဘူး။ ဒါပေမဲ့ သူလိုချင်တာကို ကျွန်တော်လည်း လုပ်ပြတတ်ပါတယ်။ ဒီလိုပေါ့။

ကဗျာကို သည်ပျိုစပ်ချင်ရဲ့
ရွှတ်ဖတ်ကာဆိုလို့
ကောင်းတဲ့ပြင်၊ စာသားတွေ
နွဲ့နွဲ့နှောင်းရယ်နဲ့
တစ်ကြောင်းသာပ ဖြစ်ပစေရှင်။

ဂီတသံကို စွန့်ပြီးတဲ့နောက် ကာရန်ကိုပါဘယ်လို စွန့်မလဲလို့ စမ်းကြည့်မိတယ်။ ရစ်သမ်အဆောက်အအုံတစ်ခုကို အမိအရ ဖမ်းနိုင်ရင် ကာရန်ကို လက်လွတ်နိုင်ကြောင်း သိသာမြင်သာတယ်။ အလွယ်ဆုံးကတော့ ရှိပြီး (ရှေးရိုး) ရစ်သမ်စနစ်တစ်ခုကို ယူ၊ အဲဒီအပေါ် အသာတက်လျှောက်သွားတဲ့နည်းပဲ။ ဒါနဲ့ သံချိုကဗျာရဲ့ အသံစနစ်ကို ယူစမ်းကြည့်တယ်။ အကြောင်းအရာကိုလည်း လွယ်လွယ်နဲ့ ရေးလို့ရတဲ့အချစ်ကိုပဲ ယူစမ်းကြည့်တယ်။ နောက်ပြီး မိန်းကလေးတစ်ဦး ညှပ်ပုံတာပုံခနဲ့ပုံ ထေ့ပုံအသံဟာ နားမှာအကြားရ အလွယ်ဆုံး အသိသာဆုံးဖြစ်တဲ့အတွက် မိန်းကလေးက ပြောနေဟန်အသံကို ယူသုံးကြည့်မိပါတယ်။

ဘယ်တော့မှ မမုန်းဘူးတဲ့
အပြောကဖြင့် ပါလိုက်တာ။
တကယ်လား မောင်ရဲ့

mgyoe.com

mgyoe.com


မယုံဖူး မယုံဖူး တော်ရေလို့
ဆိုပြန်ရင် ဘာတွေ ချွဲဦးမလဲ
ပခန်းသားလေး ကိုလူလည်
မြင်းမိုရ်တွေ အာကာထုတွေနဲ့
အငှားကဗျာ အငှားစာ တေးတွေနဲ့
ရူဝံကြယ် မြေမှာစတာတော့
ရိုးလွန်းပီ အပ်ကြောင်းတွေက
ချိုင့်ဖုံဖုံ ရွာပြင်လမ်းလိုမို့
ဆီသည်မ လက်သုတ်ပဝါ
တော်ပြီကွဲ့ မောင်ရယ်လေး။
သစ်သစ်လွင်လွင်
နှစ်ဆယ်ရာစု အလင်္ကာနဲ့
နိမိတ်ပုံ ထိထိလေးရယ်နဲ့
ခံစားပုံ ရင်မှာ ခိုက်အောင်
"I'll Give You My Vietnam" ဆိုတာမျိုး
သီကျူးပြနိုင်စွမ်းရင်ဖြင့်
နည်းနည်းလောက် ယုံရမလားလို့
အသည်းနုသူ မိန်းကလေးက
စိတ်ကူးကောင်း ကူးမယ်၊
အချစ်ကို မျှဖို့လည်း
စဉ်းစားကောင်း၊ စဉ်းစားမယ်၊
ဒီတော့
ကဗျာဆရာ ကိုလူချွဲရဲ့
ဆန်းသစ်တော့ဦး။

mgyoe.com

mgyoe.com


အထက်က 'ကျိုကန်း' ကဗျာဟာ ဒွေးချိုးရစ်သမ်ရှိသလို ဒီကဗျာလည်း လေးချိုးသံချိုနဲ့ ရစ်သမ်အပြည့်ပါရှိတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ဒီလို ရှေးရိုးအသံစနစ် တစ်ခုထက် ထူးခြားသစ်လွင်တဲ့ အသံစနစ်တစ်မျိုးကို ရှာဖွေသင့်ပါတယ်။ ကနေ့ခေတ်ရဲ့ ထွေပြားလာတဲ့ အသံမျိုးစုံမှာ ကျွန်တော်တို့ ကဗျာရဲ့ ရစ်သမ်ကို အခြေခံသင့်ပါတယ်။ ဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေ၊ ကြွေးကြော်သံတွေ၊ သေနတ်သံ၊ ဗုံးသံတွေ၊ ဘတ်စ်ကားပေါ်က အသံတွေ၊ နောက်ပြီး ကြိုက်တာ မကြိုက်တာ အပထား ကနေ့လူငယ်တွေရဲ့ 'ပေါ့ပ်' တေးသံတွေ။

အရေးကြီးတာကတော့ ဒီရစ်သမ်အသစ်တွေကို ကျစ်လျစ်သိပ်သည်းတဲ့ အဆောက်အအုံ စနစ်ကလေးတစ်ခု ဖန်ဆင်းပေးနိုင်ဖို့ပဲ။ ကျစ်လျစ်သိပ်သည်းတဲ့ အဆောက်အအုံတစ်ခု မဖြစ်သမျှတော့ ကဗျာမဟုတ်ဘူး။ စကားပြေဖြစ်နေမှာပဲ။ (စကားပြောဟာလည်း ရစ်သမ်ထူးခြားသွားရင် ကဗျာဖြစ်သွားကြောင်း အဲလိယတ်တို့က ပြဖူးပြီ) အဲသလို ထူးခြားသိပ်သည်းအောင်ကလည်း လေ့လာရလိမ့်မယ်။ ရှေးဟောင်းကဗျာကလည်း ယူရမှာပဲ။ (ရှင်မဟာရဋ္ဌသာရ၊ နတ်ရှင်နောင်၊ ဦးတိုး၊ ဦးပုည၊ သခင်ကိုယ်တော်မှိုင်း) ပြည်သူတွေ ပြောကြဆိုကြတာကိုလည်း နားစွင့်ရမှာပဲ။ နိုင်ငံခြားက ယူတန်လည်း ယူရမှာပဲ။ (အေဇရာပေါင်းက ပြောဖူးတယ်။ ရစ်သမ်ကို လေ့လာတဲ့အခါ ကိုယ်နားမလည်တဲ့ ဘာသာခြားတစ်ခုကို နားထောင်ရမယ်တဲ့) ရုပ်ရှင်တို့၊ ဂီတတို့ကလည်း ယူရမှာပဲ။ ကိုယ်ပြောနေကျ စကားရဲ့ အသံလေးတစ်ခုနဲ့ပဲ စံထိုးပြီး လုပ်နေလို့တော့ ထူးခြားတဲ့ ရစ်သမ်ဖြစ်မလာနိုင်ဘူး။ ကိုယ်ဆိုလို တင်ပြလိုတာကို အားကောင်းသထက် အားကောင်းလာအောင် ရစ်သမ်ကို ထူးထူးခြားခြား ကျကျနန စီစဉ်အသုံးချတတ်မှလည်း ကဗျာဆရာကောင်းမည်ပေတယ်။

mgyoe.com

mgyoe.com


အဲလီယက်က ပြောဖူးတယ်။

"ကျကျနန လုပ်လိုသူတစ်ဦးအဖို့တော့ ဘယ် Vers မှ မ Libre ဘူး"တဲ့။

No Vers is Libre For The Man Who Wants To do a good job Vers Libe (ပြင်သစ်စကား) လွတ်လပ်ကဗျာ။

❒

mgyoe.com

mgyoe.com

# ကဗျာရစ်သမ်ဖော်ကျူးပုံ

ကနေ့ခေတ် ကဗျာရဲ့ ရစ်သမ်ဟာ ရဲဂူလာ မဖြစ်တဲ့အကြောင်း အရင်လက ဆိုခဲ့ပြီ။

ရဲဂူလာ ရစ်သမ်စနစ်ဆိုတာ အနောက်တိုင်း ကဗျုပဒေသဟောင်းရဲ့ မတြာစနစ်ပါပဲ။ ဒီ မတြာစနစ်ရဲ့ ပင်ရင်းကတော့ ခေါမရောမ ဂန္ထဝင် ကဗျုပဒေသပါ။ ခေါမ ရောမကဗျာဟာ ပါဠိသက္ကတ ကဗျာလိုပဲ သရသံရဲ့ အရှည်အလျားပေါ် အခြေခံတယ်။ 'ကွန္တိတနည်း' လို့ ခေါ်တယ်။

ကွန္တိတနည်းအရ ကဗျာဖွဲ့ရာမှာ ကဗျာတစ်ပိုဒ်မှာ ပါဒတွေ ၂ ကြောင်း၊ ၄ ကြောင်း စသဖြင့် ပါတယ်။ တစ်ပါဒမှာ ဂိုဏ်းလို့ ခေါ်တဲ့ ဝဏ္ဏအတွဲလေးတွေ ဖွဲ့စည်းထားပြန်တယ်။ တစ်ဂိုဏ်းမှာ ဝဏ္ဏ ၂ လုံး ဝါ ၃ လုံးပါရှိပြီး ဒီဝဏ္ဏတွေရဲ့ ဂရုလဟု အသံအနေအထားအရ မတြာမျိုးပြားတယ်။ အသုံးများတဲ့ မတြာဂိုဏ်းတွေကတော့ . . .

၁။ အိအမ္ဗဂိုဏ်း လဟု– ဂရုပုံစံ။

၂။ တရောခဲဂိုဏ်း ဂရု–လဟု ပုံစံ။

mgyoe.com

mgyoe.com


၃။ အနာပဲစတဂိုဏ်း လဟု– လဟု– ဂရုပုံစံ။

၄။ ဒါကတူလဂိုဏ်း ဂရု– လဟု–လဟုပုံစံ။

၅။ စပေါနဒဲဂိုဏ်း ဂရု - ဂရုပုံစံ။

တစ်ပါဒမှာ အနည်းဆုံး တစ်ဂိုဏ်းကတော့ ပါရပေမပေါ့။ အဲဒီအခါ ဧကမတြာပါဒလို့ ခေါ်တယ်။ နှစ်ဂိုဏ်းပါရင် ဒွိမတြာ၊ ငါးဂိုဏ်းပါရင် ပဉ္စမတြာ စသဖြင့် အမည်တွေ ရကြတယ်။ ကဗျာစပ်မယ့်သူဟာ သူ ရေးဖွဲ့မယ့် အကြောင်းအရာအလိုက် ဂိုဏ်းနဲ့ ပါဒကို ရွေးရတယ်။ (ဥပမာ အိအမ္ဗပဉ္စမတြာ လေးပါဒတစ်ပိုဒ်) ပါဒအဆုံးတွေကို ကာရန်ညီချင်ညီမယ်။ ညီခဲ့ရင် ကာရန်စနစ်ကို ကြိုက်ရာ ရွေးနိုင်တယ်။ (ကခကခ၊ ကကခခ စသဖြင့်)။ ကာရန်မညီရင် 'ကာရန်မဲ့ ကဗျာ' ဝါ 'ဟင်းလင်းကဗျာ' (ဘလဲင့်ကဗျာ) လို့ ခေါ်တယ်။

တစ်ပါဒမှာ ဘယ်မတြာဂိုဏ်းကို သုံးသလဲဆိုတဲ့အပေါ် မူတည်ပြီး ကဗျာဆရာဟာ ရစ်သမ်ကို ဖော်ကျူးတယ်။ များသောအားဖြင့် အနာပဲ စတနဲ့ ဒါကတူလတို့က လျင်မြန်တဲ့အဟုန်ကို ပြတယ်။ စပေါနဒဲက နှေးကွေးမှု၊ ခံ့ညားမှုကို ပြတယ်။ အိအမ္ဗက မှန်မှန်သွားပုံကို ပြတယ်။ တရောခဲက ခပ်သွက်သွက်ဟန်ကို ပြတယ်။ စသဖြင့် ဆိုကြရဲ့။

ထုံးစံအားဖြင့်တော့ တစ်ပါဒမှာ မတြာဂိုဏ်းတစ်မျိုးတည်းချည်း ယူလို့ မရဘဲ ကျိုးပေါက်သွားတဲ့အခါ တစ်ခုခု စည်းကမ်းမညီညွတ်နိုင်တဲ့အခါ အကြောင်းကောင်း တစ်ခုရှိမယ်။ ဒါကို 'ကဝိလိုင်စင်' ဆိုပြီး ခွင့်လွှတ်လေ့ရှိကြပြန်တယ်။

အင်္ဂလိပ်ကဗျာဟာ အစဦးက ကွန္တိတနည်းကို မရအရ ယူပြီး ရေးဖွဲ့ပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်စကားရဲ့ သရတွေက အရှည်အလျား တစ်သမတ်တည်းရှိတာ မဟုတ်လေတော့ ဒီကိစ္စဟာ အတော် အဆီအငေါ် မတည့်ဖြစ်ကြရတယ်။ ဒါကို ကိုးလရစ်တို့ခေတ်မှာ တော်လှန်ပစ်ခဲ့ပါ

mgyoe.com

mgyoe.com


တယ်။ သူရဲ့ 'ခရစ်ထဘဲလ်' ကဗျာ နိဒါန်းမှာ (၁၈၁၈) ကိုးလရစ်က သူ့ကဗျာဟာ ဆန်းဂိုဏ်းအသစ်ကို သုံးထားကြောင်း၊ ဒီနည်းသစ်အရ ဝဏ္ဏရဲ့ သရ အရှည်အလျားကို မတွက်ဘဲ 'အက်ဆင့်' ပါ မပါကို တွက်ပြီး ဂိုဏ်းဖွဲ့ထားကြောင်း ဖော်ပြလိုက်တယ်။ အဲဒီအချိန်ကစပြီး အင်္ဂလိပ် ကဗျာ့ပဒေသာမှာ သရ အရှည်အလျားအစား အက်ဆင့်ကို ကြည့်ပြီး ဂိုဏ်းဖွဲ့ ကဗျာရေးတဲ့နည်း ခေတ်စားလာခဲ့ပါတော့တယ်။ ဒါပေမဲ့ သရရှည်နဲ့ အက်ဆင့်ပြောင်းလဲ သတ်မှတ်မှုသာ ထူးခြားလာတယ်။ အခြေခံ အနှစ်သာရကတော့ ရဲဂူလာ မတြာစနစ်ပါပဲ။

ရဲဂူလာ မတြာစနစ်ကို ရိုက်ချိုးမယ့်သူကတော့ သာသနာ့ဝန်ထမ်း ကဗျာဆရာ ဂျရတ်မန်လေဟော့ပ်ကင်းစ်အဖြစ် ပေါ်ထွန်းလာခဲ့တယ်။ သူသေပြီးနောက်မှ ထုတ်ဝေဖြစ်တဲ့ ကဗျာစာအုပ် (သေ ၁၈၈၉၊ ထုတ် ၁၉၁၈) မှာ ဟော့ပ်ကင်းစ်က 'စပရန်း ရစ်သမ်' ဆိုတာကို ဖော်ထုတ်လိုက်တယ်။ ဒီရစ်သမ်ရဲ့ သဘောအရ ဂိုဏ်းတစ်ဂိုဏ်းမှာ ဝဏ္ဏတစ်လုံးကနေ လေးလုံးထိ ပါနိုင်ကြောင်း (အရင်က ၂ လုံး ဝါ ၃ လုံးသာ)၊ တစ်ဂိုဏ်းမှာ အက်ဆင့်တစ်ခုပဲ ပါကြောင်း၊ ဂိုဏ်းတွေကိုလည်း တစ်ပါဒမှာ အလျဉ်းသင့်သလို ရောမွှေနိုင်ကြောင်း (အရင်က တစ်ပါဒမှာ ဂိုဏ်းတစ်မျိုးသာ)၊ ဒီရစ်သမ်ဟာ ပြောစကားရဲ့ ရစ်သမ်၊ ဂီတရဲ့ ရစ်သမ်ဖြစ်ကြောင်း စသဖြင့် ဟော့ပ်ကင်းစ်က ရေးသားတယ်။

ခေတ်ပေါ်ကဗျာလောကမှာတော့ ဟော့ပ်ကင်းစ်ထက် အဆင့်မြင့်တဲ့ 'လွတ်လပ်ကဗျာ' ခေတ်စားနေပါပြီ။ လွတ်လပ်ကဗျာဟာ ၂၀ ရာစုမှာ တွင်ကျယ်လာတာ ဖြစ်ပေမယ်လို့ တကယ်က ၁၉ ရာစုကတည်းကပဲ ပြင်သစ်ကဗျာဆရာတွေဟာ ရဲဂူလာ မတြာစနစ်ရဲ့ အချုပ်အချယ်ကို ရှန်းကန်ရင်း ဒီကဗျာမျိုး ရေးဖွဲ့လာခဲ့ကြပါပြီ။ ဒီ့အရင်ကလည်း ဂျိမ်းဘုရင်ရဲ့ သမ္မာကျမ်းစာ ဘာသာပြန်မှာ (အထူးသဖြင့် စောလမုံ

mgyoe.com

mgyoe.com


သီချင်းနဲ့ ဆာလံကျမ်းမှာ) လွတ်လပ်ကဗျာကိုပဲ သုံးကြတယ်။ ခုခေတ်မှာ ပိုပြီး အသုံးများလာခြင်းပါပဲ။ လွတ်လပ်ကဗျာမှာ မကြာသာ ရဲဂူလာ မဖြစ်တာ မဟုတ်ဘူး။ ပါဒရဲ့ အနံ့အလျားဟာလည်း ပုံသေကားချ အကန့်အသတ် မရှိတော့ဘူး။ ပြောစကားရဲ့ ရစ်သမ်ကို အားရပါးရ သုံးလာတယ်။ ပြောစကားပုံစံတွေကို စည်းရုံးပြီး ကဗျာရဲ့ ကေးဒန့်စ်တွေ ဖော်ကျူးလာကြပါတော့တယ်။

အရင် ဆောင်းပါးမှာ ထောက်ပြခဲ့တဲ့အတိုင်း မြန်မာကဗျာမှာတော့ ရဲဂူလာ ရစ်သမ်ဆိုတာ ပဝေရှေးကတည်းက မရှိခဲ့ဘူး။ ဝဏ္ဏတွေကို ဂိုဏ်းဖွဲ့ပြီး ကဗျာသီကုံးဖို့ တချို့ပုဂ္ဂိုလ်များ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ ဒါပေမဲ့ သူ့နည်းသူ့ဟန်နဲ့ ရစ်သမ်စနစ်လေးကတော့ ကျွန်တော်တို့မှာ ရှိခဲ့တယ်။ ဒီစနစ်ကလေးဟာ မကြာစနစ်ထက် လျော့ရဲ ပေမယ့် များသောအားဖြင့် ပုံသေကားချ ဆန်နေတယ်။ သံပြေနဲ့ သံထူးဟာ အလဲအလှယ် လုပ်ကို လုပ်ရတယ်။ ဒီထဲ ကာရန်ဆိုတာက လာပြီး လွှမ်းမိုးလိုက်ပြန်တော့ ကျွန်တော်တို့မှာ ကာရန်မမိ မိအောင် အားထုတ်နေရတာနဲ့ပဲ ရစ်သမ်ဘက်ကို ဦးမလှည့်အားတော့ဘူး။ တကယ့် ပါရမီရှင်များ လက်ထဲရောက်မှသာ ရစ်သမ်ဟာ ထူးခြားလာတတ်တော့တယ်။

တကယ်က ကဗျာမှာ အရေးအကြီးဆုံး အင်္ဂါသုံးပါးက အတွေးရယ်၊ နိမိတ်ပုံရယ်၊ ရစ်သမ်ရယ်။

ရစ်သမ်ဟာ စည်းဝါးမဟုတ်တဲ့အကြောင်း ထပ်လောင်းပြီး သတိပေးပါရစေဦး။ ရစ်သမ်ဆိုတာ လှုပ်ရှားပုံပါ။ ဒါအရေးကြီးပါတယ်။ လှုပ်ရှားမှုဆိုတာ လှုပ်ရှားတဲ့ဝတ္ထုနဲ့ ကင်းကွာလို့ မရှိစကောင်းဘူး။ လှေကလေး ရွေ့လျားသွားပုံနဲ့ လှေလှော်သား၊ ဗျိုင်းကလေး ပျံဝဲသွားပုံနဲ့ ဗျိုင်းခွဲခြားမရသလို ကဗျာမှာ ပါနေတဲ့အတွေး၊ နိမိတ်ပုံတို့နဲ့ ကဗျာရဲ့ ရစ်သမ်ခွဲခြားလို့ မရပေဘူး။ ရစ်သမ်ဟာ လှုပ်ရှားမှုမှာ သီးခြားအင်္ဂါ

mgyoe.com

mgyoe.com


တစ်ပါး မဟုတ်ဘူး။ လှုပ်ရှားမှုရဲ့အရည်အသွေး။ လှုပ်ရှားမှုရဲ့ ဂုဏ်သတ္တိတစ်ရပ်မျှသာလျှင် ဖြစ်တယ်။ ရစ်သမ်ဟာ လှုပ်ရှားမှုက ကင်းလွတ်လို့ မရှိနိုင်သလို လှုပ်ရှားမှုဟာလည်း လှုပ်ရှားတဲ့ဝတ္ထုက ကင်းလွတ်လို့ မရှိနိုင်ဘူး။ တကယ်က လှုပ်ရှားမှုရော ရစ်သမ်ရောဟာ တွေးမြင်ခံစားသူရဲ့ စိတ်ထဲမှာသာ အကောင်အထည် ပေါ်နိုင်ကြတယ်။

ကဗျာဆိုတာ စကားလုံးတွေနဲ့ ရေးဖွဲ့ထားတာ။ စကားလုံးဆိုတာ ကလည်း တွေးခေါ်မှု အစဉ်ထဲ ဝင်လာမှ အကောင်အထည် ပေါ်နိုင်တာ။ တစ်နည်း စိတ်ကနေ တုံ့ပြန်ထိခတ်မှ စကားလုံးဆိုတာ အကောင်အထည်ပေါ်တာ။ အသက်ဝင်တာ။ ဒီတော့ ကဗျာရဲ့ ရစ်သမ်ဆိုတာ ကဗျာရဲ့ စကားလုံးတွေကို ဖတ်လိုက်တဲ့အခါ ဖတ်သူတွေးခေါ် ထင်မြင်ပုံ ရစ်သမ်ပါပဲ။ တွေးခေါ် ထင်မြင်ပုံ ရစ်သမ်တင်လည်း မဟုတ်သေးဘူး။ တွဲဖက်ပါလာတဲ့ ခံစားမှု၊ စိတ်ကူးမှု၊ ဆင်ခြင်မှုတို့ရဲ့ ရစ်သမ်ပါပဲ။ သူတို့ရဲ့ ဂီတသွားအလိုက် စိတ်အတွေးက ကခုန်လှုပ်ရှားပုံလို့ ဆိုရမယ်။

စကားလုံးတွေကို သိမြင် ခံစားပုံဟာ တစ်ပြိုင်နက် မဖြစ်ပေါ်ဘူး။ အစဉ်လိုက်သာ ဖြစ်ပေါ်တယ်။ ပထမ အတွေးအခေါ်တစ်ခုတွေ့၊ နောက်တစ်ခုတွေ့၊ ပထမနိမိတ်ပုံ တစ်ခုဖြစ်၊ နောက်တစ်ခုဖြစ်တစ်ခုနဲ့ တစ်ခု ဆက်စပ်သွား၊ တစ်ခုက တစ်ခုသယ်သွား၊ ဒီလိုနဲ့ စာဖတ်သူရဲ့ စိတ်ထဲမှာ စိတ်အလုပ် တောက်လျှောက် အဆက်မပြတ် လုပ်သွားရတယ်။ ဒီအစဉ်တစိုက် လုပ်သွားပုံဟာ နှုန်းတစ်မျိုးတည်းနဲ့ တစ်သမတ်တည်း မဟုတ်ပေဘူး။ အလေးပေးမှု၊ အချိန်ပေးမှု အစီအစဉ် အမျိုးမျိုး ရှိရပေလိမ့်မယ်။ ခပ်ပေါ့ပေါ့မို့ မြန်မြန်သွက်သွက်ဖြစ်ချင်လည်း ဖြစ်မယ်။ စဉ်းစဉ်းစားစားမို့ နှေးချင်လည်း နှေးကွေးမယ်။ လွယ်လွယ် နိမိတ်ပုံ တွေ့ချင်လည်း တွေ့မယ်။ စိတ်ထဲစွဲခိုက်အောင် အချိန်ယူ အားထုတ်ရတဲ့

mgyoe.com

mgyoe.com


နိမိတ်ပုံမျိုး တွေ့ချင်လည်း တွေ့မယ်။ ဒီလိုနဲ့ ရစ်သမ်ဟာ မြန်လိုက် နှေးလိုက်ဖြစ်နေမှာပဲ။ ကဗျာရဲ့ ရစ်သမ်ဟာ ကဗျာဖတ် သူက စကားလုံး တွေအပေါ် တုံ့ပြန်ပုံ ရစ်သမ်ဖြစ်တယ်။ အသံ၊ နိမိတ်ပုံ၊ စိတ်လှုပ်ရှားမှု အတွေးအခေါ် ဒါတွေအပေါ် တုံ့ပြန်မှုတစ်ရပ်လုံးရဲ့ ရစ်သမ်ဖြစ်တယ်။

ဒါကြောင့် ကဗျာရဲ့ ရစ်သမ်ကို ပြောတဲ့အခါ ဝဏ္ဏရဲ့ သရ အတို၊ အရှည်၊ တုန်း အပြေအကျလောက်ကို တင်ပြောလို့ မရတော့ဘူး။ ကဗျာ ကို ဖတ်သွားလိုက်တဲ့အခါ စကားလုံးတွေအပေါ် တုံ့ပြန်မှုများရဲ့ အခွန့်၊ အလေး၊ အလျား၊ အချိုးအဆ အမျိုးမျိုးဖြစ်ပုံ၊ ပေါင်းဖွဲ့မှု အမျိုးမျိုး ဖြစ်ပုံကိုပါ ထည့်တွက်ရပေလိမ့်မယ်။ ဒီတော့ ကဗျာတစ်ကြောင်းရဲ့ ရစ်သမ်ကို သတ်မှတ်တဲ့အခါ အရမ်းကာရော (အင်္ဂလိပ်ကဗျာဆိုရင်) အက်ဆင့်တွေ၊ (မြန်မာကဗျာဆိုရင်) တုန်းတွေကို မမှတ်သေးဘဲ ပထမ ဦးဆုံး ဒီနေရာမှာ ရစ်သမ်ရဲ့ အဓိက လက္ခဏာဟာ အက်ဆင့်၊ ဝါ၊ တုန်း ဟုတ်ရဲ့လားဆိုတာ ခွဲခြမ်းကြည့်ဖို့ လိုတယ်။ တချို့ကဗျာတွေမှာ အားကောင်းအောင် ထူးခြားလာအောင် တုန်းကို သုံးထားတာ တွေ့ရ မယ်။ တချို့ကဗျာမှာတော့ အကျတုန်းဖြစ်ပေမယ့် အသားပေးထားတာ မဟုတ်ဘူးဆိုတာ တွေ့ရတယ်။

ဥပမာ – ဖုတစ်ရွတ်တွ
ငှက်လင်းတသို့
ပျဉ်းမငုတ်တို

ပထမ ပါဒမှာ အကျတုန်းတွေကို သိသိသာသာ လိုအပ်ချက် အနေနဲ့ သုံးထားတာ ဖြစ်ပေတယ်။ ဒါပေမဲ့ . . .

ကွေးကွေးကျစ်ကျစ်
ဖူးပုရစ်လည်း
ပြေလှစ်စင်စင်

mgyoe.com

mgyoe.com

ဒီကဗျာရဲ့ ပထမပါဒနဲ့ ဒုတိယပါဒတွေမှာ အကျတုန်းတွေ သုံးထားတာကတော့ ဆိုလိုချက်ကို အားကောင်းအောင်ဆိုတဲ့ ရည်ရွယ်ချက် မပါပါဘူး။ ဒီတုန်းတွေကို ရွတ်ဆိုရာမှာလည်း သံပြေထက် အနည်းငယ် ထူးတယ်ဆိုရုံပဲ ထူးမယ်။ သိသိသာသာ အသားပေးစရာ မလိုလှဘူး။ အလွန်ဆုံး 'ကွေးကွေးကျစ်ကျစ်' ကို အချိန်နည်းနည်းလေး ပိုပေးရုံပဲ။ 'ဖုထစ်ရွတ်တွ' လို အသားပေးစရာ မရှိဘူး။

ကြက်တက်ရွတ်သုပ်
လက်ဖက်ကြုတ်နှင့်
ဆွမ်းအုပ်ပို့မှ ပို့ပါစ

ဒီကောက်နုတ်ချက်မှာဆိုရင်တော့ အကျတုန်းတွေဟာ ထူးထူးခြားခြား ရွတ်စရာ လုံးဝမလိုဘဲ ပြေပြေကလေး လျှောတိုက် ရွတ်သွားရုံပဲ ရှိတယ်။ အသံထူးတွေ မပေါ်လွင်မှုလည်း စိတ်ကူးမှာ အဓိပ္ပာယ်ပေါ်လွင်လာနိုင်မယ်။

ခါနွေကျွန်းစ
မိုးမြမြနှင့်
ကြိုးကြွလျှပ်နွယ်
လွမ်းစဖွယ်တွင်
ကံဆွယ်ပြား၍
နန်းခလေ့ကို
ရဝေ့ရိပ်ဆောင်း
မကြုံတောင်းသည်

တကယ်လို့ အသံထူးဖြစ်တဲ့ အကျတုန်းတွေကို ထူးခြားပေါ်လွင်အောင် ရွတ်ဆိုကြည့်ရင် ဆတ်တောက် ဆတ်တောက်နဲ့ သဘာဝမကျတာကို တွေ့ရလိမ့်မယ်။ ဒီပါဒတွေရဲ့ ရစ်သမ်ကို အဆုံးအဖြတ်ပေးတာ

mgyoe.com

mgyoe.com


ဟာ သံထူး သံပြေ ဖလှယ်မှုထက် အချိန်တာ လိုက်ဖက်အောင် ပေးစေမှုပဲ ဖြစ်တယ်ဆိုတာ တွေ့ရလိမ့်မယ်။ တစ်နည်းပြောရရင် သာမန် မြန်မာ့လေးလုံးစပ်ကဗျာရဲ့ ရစ်သမ်ပါပဲ။

တစ်ခါ
ပေါ်နိုးပေါ်နိုး
မျှော်ခေါ်ကိုးသည်
မှာ ပါတဲ့ အကျတုန်း အရေအတွက်နဲ့
မွေးမေ မွေးဖေ
ရှေးပဝေမှု

မှာပါတဲ့ အကျတုန်း အရေအတွက်ဟာ အတူတူပါပဲ။ ဒါပေမဲ့ ပထမ ဥပမာမှာ လှုပ်ရှားမှု နှေးနေပြီး ဒုတိယမှာကျတော့ မြန်နေတယ်။ နောက်တစ်ခါ "တစ်ညနေက ရီဝေရီဝေ ထွေခဲ့တယ်" မှာကြည့်ပြန်ရင် အကျတုန်းက နည်းလွန်းပါတယ်။ ဒါပေမဲ့ ဖြည်းဖြည်းနှေးနှေးပဲ သွားနေတယ်။ ဒါကြောင့် အချိန်တာကို တုန်းနဲ့တင် ဆုံးဖြတ်ရတာ မဟုတ်ဘူးဆိုတာ ထင်ရှားတယ်။

ပိုအရေးကြီးတာက စကားလုံးတွေကို ပေးရတဲ့ အချိန်တာပါပဲ။ တချို့စာသားကို မြန်မြန်ရွတ်တယ်။ အချို့ စာသားကို အချိန်ကြာကြာကလေး ပေးပြီး ရွတ်ရတယ်။ ဒါကပဲ ရစ်သမ်ကို ဆုံးဖြတ်ပါတယ်။

အောက်ပါ ကောက်နုတ်ချက် နှစ်ချက်ကိုလည်း ကြည့်ပါဦး။

ထိုးရိုက်ဖောက်ခွဲ
တင်းပုတ်စွဲလျက်
ပြူးပြဲ မျက်လုံး
ဒေါ်ရောင်ဖုံးလျက်
စွယ်စွန်းငေါ်ငေါ်

mgyoe.com

mgyoe.com


မွေးသောသောနှင့်
ယကျော့ပြီတ္တာ
ငါ့ဆီလာလျက် (အတိတ်ဘီလူး)
မှန်ကလေးတစ်ချပ်
ဖျတ်ခနဲကွဲ
မြက်ခင်းထဲမှာ
လှဲကာလူးကာ
ကောင်းကင်ပြာက
ဟိုမှာတစ်လုံး
သည်တစ်လုံးဟု
ကြယ်ကုံးရေတွက် (ဒေါက်တာဂျော်နီ)

အတိတ်ဘီလူးရဲ့ ရစ်သမ်က အသံထူးတွေနဲ့ ချိန်တာတိုတို ဖွဲ့စည်းထားတယ်။ ဒေါက်တာ ဂျော်နီရဲ့ ရစ်သမ်က ပေါ့ပေါ့အသံတွေ နဲ့ပေမယ့် အချိန်တာကြာကြာနဲ့ ဖွဲ့စည်းထားတယ်။ ဒါ့ကြောင့် ဒေါက်တာဂျော်နီရဲ့ ရစ်သမ်ဟာ အတိတ်ဘီလူးရဲ့ ရစ်သမ်လောက် မပေါ်လွင် မထင်ရှားဘူး။ အတိတ်ဘီလူးမှာ ဖတ်သူရဲ့စိတ်ဟာ နိမိတ်ပုံတစ်ခုကနေ တစ်ခု။ အတွေးတစ်ခုကတစ်ခု ခုန်ကူးနေရတယ်။ အဆက်အစပ်ဆိုတာ ကို ဂရုမစိုက်အားဘူး။ ဒေါက်တာ ဂျော်နီကတော့ တစ်လျှောက်တည်း ဖြစ်နေတယ်။ စိတ်ဟာ စကားလုံးတွေကနေ ခုန်ကူးစရာ မလို။ ပြေးဆင်း စီးဝင်သွားတယ်။

ဒီတော့ ကဗျာရဲ့ ရစ်သမ်မှာ အင်္ဂါသုံးပါး ပါဝင်ကြောင်းမှတ်သား ရမယ်။ တုန်း၊ အချိန်တာ၊ အရှိန်နှုန်း။

ကဗျာတစ်ပုဒ်မှာ ရစ်သမ်ဟာ အမျိုးမျိုးပြောင်းကာ ပြောင်းကာနဲ့ ရှိရတယ်။ အဲသလို ပြောင်းလဲတိုင်း အကြောင်းအရာအလိုက်ဖြစ်ရတာ

mgyoe.com

mgyoe.com


ပါပဲ။ ပြောင်းတာဟာ အကြောင်းခြင်းရာနဲ့ ဆီလျော်ဖို့ လိုတယ်။ ရစ်သမ်ဟာ အဓိပ္ပာယ်ကို လေးနက်အောင်၊ ပေါ်လွင်အောင်၊ တိကျပြတ်သားအောင်၊ ဖတ်သူရဲ့ စိတ်ထဲမှာ လှုပ်ရှားပုံကို 'သိ' နေအောင် လုပ်နိုင်စွမ်းရမယ်။ စကားလုံးတွေရဲ့ ဖော်ပြစွမ်းကြီးထွားအောင် ရစ်သမ်ကို အလဲအလှယ် လုပ်သွားနိုင်မှုဟာ ကဗျာကောင်းကို တိုင်းတာရာ ကိုက်တံဖြစ်တယ်။ ကဗျာကောင်းမှန်သမျှ စကားလုံးတွေရဲ့ တုန်း၊ သူတို့ကိုရွတ်ဆိုရတဲ့ နှုန်း၊ ရွတ်ဆိုသင့်တဲ့အချိန်တာ၊ ဒီသုံးခုရဲ့ အချိုးအဆက်အပြောင်းအလဲရှိနေတာ တွေ့ရမြဲဖြစ်တယ်။ အဲသလို ရစ်သမ်အပြောင်းအလဲဟာ အတွေးစိတ်ကူးနဲ့ ခံစားမှုမှာ အပြောင်းအလဲဖြစ်တာနဲ့ ကိုက်ညီရမယ်။ ရစ်သမ်တစ်ချိုးတည်း သုံးခြင်းဟာ ကဗျာအင်အားကို ဖျက်ဆီးပစ်တယ်။ အတွေး၊ စိတ်ကူးနဲ့ အခြားတုံ့ပြန်မှုများဟာ အဓိပ္ပာယ်ရှိတဲ့ ရစ်သမ်ရဲ့ ထိန်းချုပ်မှုအောက်မှာရှိနေမှ ဒီဖန်ဆင်းမှုစွမ်းအားတွေ အားလုံးဟာ ခံစားမှုအပြည့်နဲ့ လှုပ်ရှားနေမှ စနစ်ကျတဲ့ ပိုင်နိုင်ထိမိတဲ့ ပုံသဏ္ဍာန်နဲ့ သက်ဝင်လှုပ်ရှားနေတယ်လို့ ဆိုရမယ်။

❒

mgyoe.com

mgyoe.com

# ကဗျာနဲ့ စကားပြေ

ကဗျာနဲ့ စကားပြေ ဘာခြားနားသလဲ။ ကာရန်ဆိုတာဟာ ကဗျာရဲ့ အသက်၊ ကာရန်မပါရင် စကားပြေဖြစ်သွားမှာပေါ့။ နိမိတ်ပုံဆိုတာ အနောက်တိုင်း ဘူဇွာ အနုပညာသမားတွေရဲ့ အယူအဆ မဟုတ်လား။ အကြောင်းအရာပဲ အရေးကြီးပါတယ်။ ပုံသဏ္ဌာန်ကို အသားပေးပြောနေတာဟာ 'အနုပညာအတွက် အနုပညာ' ဝါဒပဲ မဟုတ်လား စတာတွေဟာ အရပ်တကာမှာ စာပေသမားတွေနဲ့ တွေ့ရတိုင်း ကြားရတဲ့မေးခွန်းတွေဖြစ်ပါတယ်။ တချို့ကလည်း ကျွန်တော်တို့နဲ့ ဆွေးနွေးပြီး ကျေလည်ကာလည်း ရှိ၊ တချို့လည်း မကျေလည်ဘူး။ တချို့လည်း ကျွန်တော်တို့ရေးသားတင်ပြဖူးတာတွေ ဖတ်ဖူးရဲ့။ တချို့လည်း မဖတ်ဖူးကြဘူး။ တကယ်တော့ ဒီပြဿနာဟာ ကျွန်တော်တို့ တစ်ပြည်တည်းမှာတင် ဆွေးနွေးနေရတာလည်း မဟုတ်ပေဘူး။

လွန်ခဲ့တဲ့ ၁၉၆၅ ခုနှစ်တုန်းက တရုတ်ပြည် နိုင်ငံခြားရေးဝန်ကြီး ဖြစ်နေတဲ့ ရဲဘော် ချင်ယိက (မြန်မာပြည်ကို ရောက်ဖူးသမို့ တရုတ်

mgyoe.com

mgyoe.com


မြန်မာချစ်ကြည်ရေးကဗျာတွေ ရေးခဲ့ဖူးသူ) ဥက္ကဋ္ဌ မော်စီတုန်းဆီကို သူ့ကဗျာတွေ ပို့ပြီး ပြုပြင်ခိုင်းတယ်။ အဲဒီတုန်းက ဥက္ကဋ္ဌမော်က ပြန်ကြားခဲ့တဲ့ စာတစ်စောင်ကို ခု နှစ်ဆန်းကမှ တရုတ်ပြည် စာနယ်ဇင်းများမှာ ထုတ်ပြန်ခဲ့တယ်။ ဒီစာဟာ ကျွန်တော်တို့ဆီက ကဗျာသမား၊ စာပေသမားတွေလည်း စိတ်ဝင်စားဖို့ ကောင်းတယ်။ ဒါကြောင့် အောက်မှာ တိုက်ရိုက်ဘာသာပြန် ဖော်ပြပေးလိုက်ပါတယ်။

ရဲဘော်ချင်ယိသို့ ပေးစာ

ရဲဘော် ချင်ယိ . . .

ခင်ဗျားက ခင်ဗျားရဲ့ ကဗျာတွေကို အချောကိုင်ပေးဖို့ ကျုပ်ကို ခိုင်းတယ်။ ဒါပေမဲ့ ကျုပ်က အက္ခရာငါးလုံး တစ်ပါဒနဲ့ လူရှိရေးနည်း မကျွမ်းဘူး။ ဒီပုံသဏ္ဌာန်နဲ့ တစ်ပုဒ်မှ မထုတ်ဝေဖူးဘူးဆိုတော့ အချောကိုင်မပေးနိုင်ချေဘူး။ ခင်ဗျား ကဗျာတွေမှာ ခွန်အားနဲ့ ကျယ်ပြန့်မှုရှိတယ်။ ပုံသဏ္ဌာန်အရ ဝါ၊ မတြာနည်းအရ လူရှိကဗျာမျိုး မပီပြင်လှဘူးလို့ပဲ ကျုပ် ထင်မိတယ်။ လူရှိဆိုတာ တင်းကျပ်တဲ့ တုန်းစနစ်ရှိတယ်။ ဒါမပါရင် လူရှိကဗျာလို့ မခေါ်နိုင်ဘူး။ ဒီကိစ္စမှာတော့ ကျုပ်တို့နှစ်ယောက်စလုံး လက်သင်တွေပဲ ရှိသေးတယ်။ ကျုပ် အက္ခရာ ခုနစ်လုံး တစ်ပါဒလူရှိကဗျာ အနည်းငယ်ရေးဖူးပါရဲ့။ တစ်ပုဒ်မှ ကျုပ်စိတ်ကြိုက် မဖြစ်လာဘူး။ ခင်ဗျားက သမားရိုးကျ မဟုတ်တဲ့ ကဗျာများ ရေးရာမှာ တော်သလို ကျုပ်ကလည်း ပါဒအလျားအမျိုးမျိုးလုပ်လို့ရတဲ့ ဇုကဗျာအကြောင်း နည်းနည်းပါးပါး တီးမိခေါက်မိပါရဲ့။ ကျင်ယင်း (ယဲ့ကျင်ယင်း) က အက္ခရာ ခုနစ်လုံး လူရှိကဗျာမှာ တော်ပြီး ရဲဘော်ကြီး တုန် (တုန်ပိစု) က အက္ခရာငါးလုံး လူရှိမှာ တော်တယ်။ ခင်ဗျား ဒီပုံသဏ္ဌာန်တွေနဲ့ ရေးချင်ရင် သူတို့အကြံဉာဏ်တောင်းပေါ့။

"အနောက်ဆီ ခရီးထွက်ခြင်း"

mgyoe.com

mgyoe.com


· အနောက်ဆီ လီတစ်သောင်း ခရီးနှင်ခဲ့တယ်၊
အနန္တဟင်းလင်းပြင်ထက် လေကို စီးလို့ပ။
ဒီ ဂဠုန်ကြီးသာ တောင်ပံ ဖြန့်မထားခဲ့ရင်၊
ငှက်တို့သာ လူးလာတဲ့ ဒီသုညကို လူသားဟာ
ဘယ်လိုလုပ် ကူးသန်းနိုင်လိမ့်မလဲ။
အောက်မှာ ပင်လယ်က
စပျစ်ရည်ခွက် တစ်ထောင်ကို အချဉ်ဖောက်နေပီ။
တောင်တွေလည်း ကြက်သွန်ပြာသာဒ်တွေနဲ့
မြင့်မြင့်မားမား မိုးမတ်နေပေါ့။
လေနဲ့ မိုးချုန်းသံ ကမ္ဘာကို ပျံ့နှံ့စဉ်၊
နေရာတကာ မိတ်ကောင်းတွေ တို့တွေရဲ့။

ဒီကဗျာမှာ အပြောင်းအလဲတွေ ကျုပ်လုပ်လိုက်တယ်။ စိတ်ကြိုက် ဖြစ်လာဖို့တော့ ဝေလာဝေးပဲ။ ကျန်တာတွေကိုတော့ လုပ်နိုင်မယ် မထင်ဘူး။

နောက်တစ်ခုကတော့ ကဗျာဆိုတာ စိတ်ကူးစိတ်သန်းတွေကို သယ် ဆောင်ပေးဖို့အတွက် နိမိတ်ပုံတွေကို သုံးတယ်။ စကားပြေမှာလို ရိုးရိုးစင်းစင်း ပြောပြတာမျိုး မဖြစ်သင့်ဘူး။ ဒီတော့ ပီ (ဥပမာနဲ့ ရူပက အလင်္ကာ) တို့၊ ရှင်း (ဆက်နွှယ်မှု) တို့ကို လက်လွှတ်လို့ မရဘူး။ တူဖူးရဲ့ မြောက်ဖက်ခရီးမှာ လို ဖူတဲခနိကကို သုံးမယ်ဆိုလည်း သုံးနိုင်တယ်။ (ဖူ=သဘာဝဝုတ္တိ၊ တိုက်ရိုက်အဆို) ဒါ “ရိုးရိုးစင်းစင်း ဝေါဟာရတွေနဲ့ ဖော်ပြတာ” လို့ ဆိုနိုင်တယ်။ ဒါပေမဲ့ ဒီမှာလည်း သူဟာ ပီနဲ့ရှင်းကို သုံးထားတာပါ။ ‘ပီဆိုတာ အရာဝတ္ထုတစ်ခုကို တစ်ခုနဲ့ နှိုင်းခိုင်းတာလို့ အဓိပ္ပာယ်ရပြီး ရှင်းဆိုတာကတော့ တခြား တစ်စုံတစ်ရာကို အရင်ပထမဆိုလိုက်ပြီးမှ ပင်မ သီမဆီ ရောက်သွား

mgyoe.com

mgyoe.com


တာကိုဆိုလိုတာပါပဲ' ဟန်ယု (၇၆၈–၈၂၄ စကားပြေသမား၊ ကဗျာသမား) ဟာ ကဗျာမှာ စကားပြေ တဲခနိကကို သုံးခဲ့တယ်။ တချို့လူများက သူဟာ ကဗျာအကြောင်း လုံးဝ မသိဘူးလို့ ပြောကြတယ်။ ဒါကတော့ လွန်လွန်းပါတယ်။ သူရဲ့ 'ကျောက်ဆောင်များ'၊ 'ဟင်ရှန်းတောင်'၊ 'ရှစ်လဆယ့်ငါးရက်နေ့မှာ ဒိုင်နယ်မှူးကျန်သို့' တို့လို့ ကဗျာဟာ တကယ်မဆိုးပါဘူး။

ဒီတော့ကာ ကဗျာရေးရတာ မလွယ်ဘူးဆိုတာ မြင်သာပါတယ်။ စုန်ခေတ် ကဗျာဆရာ အများစုဟာ ကဗျာဆိုတာ နိမိတ်ပုံတွေသုံးပြီး စိတ်ကူးစိတ်သန်းတွေကို ဖော်ကျူးရတယ်ဆိုတာကို နားမလည်ကြဘူး။ တန်ခေတ်ကဗျာရဲ့ အစဉ်အလာကိုလည်း ဥပေက္ခာပြုကြတယ်။ ဒီတော့ သူတို့ရေးတာတွေဟာ ရိုးရိုးစင်းစင်းကြီး ဖြစ်နေတာပေါ့။ ဒီရောက်တတ်ရာရာ မှတ်ချက်တွေက ဂန္ထဝင်ကဗျာကိုပဲ ညွှန်းတာပါ။ ခေတ်ပေါ်ကဗျာကို ရေးဖို့ဆိုရင်တော့ လူတန်းစားတိုက်ပွဲနဲ့ ကုန်ထုတ်လုပ်မှုတိုက်ပွဲကို ထင်ဟပ်ပြရာမှာ နိမိတ်ပုံတွေကနေ စိတ်ကူးစိတ်သန်းတွေဖော်ကျူးတဲ့နည်းကို ကျုပ်တို့သုံးရမယ်။ ဂန္ထဝင်နည်းနာတွေကို လိုက်စားကျင့်သုံးတာမျိုး လုံးဝ မလုပ်ရဘူး။ ဒါပေမဲ့ နောက်ဆုံး ဆယ်စုအနည်းအတွင်း တိုင်းရင်းဘာသာနဲ့ (တရုတ်စကား) ရေးတဲ့ ကဗျာတွေဟာ မအောင်မြင်ကြဘူး။ ကောင်းမွန်တဲ့ လူထုတေးသံအချို့တော့ ရှိပါရဲ့။ အနာဂတ်လမ်းကြောင်းကတော့ လူထုတေးသံကနေ အာဟာရ ရယူ၊ ပုံသဏ္ဌာန်တွေပြုပြင်ယူပြီး စာဖတ်ပရိသတ်အများစု နှစ်ခြိုက်မယ့် ကဗျာအမျိုးအစားအသစ်တစ်ခု ဖွံ့ဖြိုးတိုးတက်အောင် လုပ်တာဖြစ်လိမ့်မယ်နဲ့ တူတယ်။ စကားမစပ် လီဗို (၇၀၁–၇၆၂ ခုနှစ်က ကဗျာဆရာကြီး) ဟာ လူရှိ ကဗျာအရေးနည်းပါတယ်။ လီဟို(၇၉၀–၈၁၆ က ကဗျာဆရာ) လည်းပဲ အက္ခရာငါးလုံး လူရှိ အနည်းအကျဉ်းကလွဲရင် အက္ခရာ

mgyoe.com

mgyoe.com


ခုနစ်လုံး တစ်ပါဒ တစ်ခါမှ မရေးဖူးဘူး။ လီယိုကို ကောင်းကောင်းဖတ်ထိုက်တယ်။ ခင်ဗျား စိတ်ဝင်စားရဲ့လား မသိဘူး။

ကျန်းမာရွှင်လန်းပါစေ
မော်စီတုန်း
ဇူလိုင် ၂၁၊ ၁၉၆၅။

စာကတော့ ဒါပါပဲ။

အရင်နှစ် ဒီဇင်ဘာ ၁၄ ရက်နေ့က ပီကင်းမြို့မှာ 'ရှီကန်' (ကဗျာ) စာစောင်က ကြီးမှူးပြီး ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့တယ်။ ကဗျာဆရာနဲ့ စာပေ ဝေဖန်ရေးသမား ၆၀ ခန့် တက်ရောက်ပြီး မော်ကချင်ယိဆီ ပေးတဲ့စာကို လေ့လာဆွေးနွေးကြတယ်။ သူတို့ပြောကြ ဆွေးနွေးကြတာတွေကတစ်ဆင့် သိရတာတွေကတော့ ...

ဖူပိနဲ့ ရှင်း ဆိုတာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ လောက်ဆီကလို့ ခန့်မှန်းရတဲ့ကဗျာတွေကို စုပေါင်းထားတဲ့ အစောဆုံး ကဗျာညွှန့်ပေါင်း ကျမ်းတစ်ကျမ်းဖြစ်တဲ့ 'တေးကျမ်း'မှာ သုံးထားတဲ့ ဖော်ကျူးနည်း သုံးနည်းဖြစ်တယ်။ ဒီကဗျာကျမ်းဟာ ဂန္ထဝင် တရုတ်ကဗျာရဲ့ သရုပ်မှန်အစဉ်အလာကို နိဒါန်းပျိုးပေးခဲ့တယ်။ ဥက္ကဋ္ဌမော် ချီးကျူးတဲ့ လီပိုနဲ့ လီဟိုတို့ရဲ့ ကဗျာများမှာ 'ချူမင်းဆက် ကဗျာကျမ်း' လာ တရုတ်ကဗျာများရဲ့ ရောမန္တိကဝါဒ ဩဇာညောင်းနေတာ တွေ့ကြရတယ်။ ဒီ ကဗျာဆရာနှစ်ဦးခေတ်က လူရှိကဗျာခေတ်စားပေမယ့် သူတို့ဟာ တုန်းနဲ့ ကာရန် နည်းစနစ် တင်းကျပ်လွန်းတဲ့ လူရှိကဗျာကြောင့် အဟန့်အတား မဖြစ်ဘဲ စိတ်ခံစားမှုကိုသာ ဦးစားပေးခဲ့သလို ထူးခြားပြောင်မြောက်တဲ့ ကဗျာတွေ ရေးထုတ်နိုင်ခဲ့တယ်။

ဆယ်ရာစုမှာ စတင်တဲ့ စုန်မင်းဆက်မှာ ကဗျာဆရာ အများစုဟာ

mgyoe.com

mgyoe.com


ကဗျာရေးစပ်ရာမှာ စကားပြေ တဲ့ခနီကကို သုံးကြတယ်။ သူတို့ကဗျာတွေမှာ ဆင်ခြင်တုံတရားက ခံစားမှုထက် အလေးကဲနေသမို့ တန်မင်းဆက်ကဗျာများလို အရိပ်အမြွက် ညွှန်းနိုင်စွမ်း၊ စိတ်ကူးနှိုးဆွနိုင်စွမ်း မရှိကြဘူး။ မော်က ဒါကို သူ့စာထဲမှာ ထောက်ပြထားတယ်။ ဒါပေမဲ့ ကဗျာအားလုံးကိုတော့ မပယ်ဘူး။ တချို့ဟာ နိမိတ်ပုံ ကြွယ်ဝတဲ့ ကဗျာကောင်းအချို့ ရေးနိုင်ခဲ့တယ်။

၁၉၆၇ ခုနှစ်က 'ရှီကန်'စာစောင် အယ်ဒီတာအဖွဲ့ဆီကိုရေးတဲ့စာထဲမှာ မော်က "လူငယ်တွေကို ဒါမျိုး (ဂန္ထဝင်ပုံစံ ကဗျာ) ရေးဖို့ အားမပေးသင့်ဘူး။ ဒါတွေက သူတို့ရဲ့စိတ်ကူးကို ချုပ်ချယ်လိမ့်မယ်။ သင်ယူရတာလည်း ခက်တယ်" လို့ ဆိုတယ်။ လီပိုနဲ့ လီဟိုတို့ လူရှီကဗျာ အရေးနည်းတာဟာ ဒီကဗျာပုံသဏ္ဌာန်က သူတို့ရဲ့အတွေးကို ကျဉ်းကျပ်စေလို့ပါပဲ။ မော်ကိုယ်တိုင်လည်း ဒီကဗျာမျိုး အရေးနည်းပါတယ်။

၁၉၆၅ ခုနှစ် စာထဲမှာ မော်က "ကဗျာဆိုတာ စိတ်ကူးစိတ်သန်းတွေကို သယ်ဆောင်ပေးဖို့အတွက် နိမိတ်ပုံတွေကို သုံးတယ်" လို့ ရေးလိုက်တယ်။ ဒီနေရာမှာ ကဗျာနဲ့တကွ တခြားစာပေပုံသဏ္ဌာန်များ လိုက်နာရမယ့် အနုပညာနိယာမတရားကို ရှင်းပြလိုက်တာပါပဲ။ အနုပညာဆိုတာ နိမိတ်ပုံတွေကတစ်ဆင့် ဘဝကို ထင်ဟပ်ပြတာဖြစ်လေတော့ စိတ်ကူးစိတ်သန်းတွေကို သယ်ဆောင်ပေးဖို့ နိမိတ်ပုံတွေကို သုံးတာဟာ အနုပညာရဲ့ အဓိကသဘောလက္ခဏာဖြစ်ပါပေတယ်။ အနုပညာနဲ့ ဝိဇ္ဇာပညာ (သိပ္ပံ) မတူဘူး။ ဝိဇ္ဇာပညာက ထွေပြားတဲ့ ကမ္ဘာအသွင်အပြင်တွေကို အကျိုးသင့်အကြောင်းသင့် ခွဲခြားစိတ်ဖြာမှုကနေ ရှင်းလင်းတယ်။ အနုပညာကတော့ နိမိတ်ပုံတွေကတစ်ဆင့် အကျိုးသင့်အကြောင်းသင့် နိဂုံးဆီ ရောက်စေတယ်။ စာရေးဆရာ၊ ကဗျာဆရာ၊ အနုပညာသမားတွေဟာ ဖန်ဆင်းစိတ်ကူးရာ ခိုင်မာပီပြင်တဲ့

mgyoe.com

mgyoe.com


နိမိတ်ပုံတွေက ကင်းကွာလို့ မရဘူး။ နိမိတ်ပုံတွေကနေ စိတ်ကူးကို သယ်ဆောင်ပေးရမယ်။ ဝိဇ္ဇာပညာမှာ လုပ်သလို သဘောကောင်းချက်တွေနဲ့ ဆိုလို့မရဘူး။

တစ်လောက တရုတ်မဂ္ဂဇင်းတစ်စောင်က နိမိတ်ပုံသုံးတာ မှာကွဝါဒနဲ့ ဆန့်ကျင်တယ်။ ပြုပြင်ရေးကျတယ်။ ဘာညာနဲ့ ဆိုခဲ့တယ်။ ကဗျာဆိုတာဘဝကို နိမိတ်ပုံတွေကတစ်ဆင့် ထင်ဟပ်ပြရမှာပဲ။ ဇာတ်လမ်းကဗျာက ဇာတ်ကောင်တွေကို သရုပ်ဖော်သလို လီရိက ကဗျာကလည်း ဇာတ်ကောင်တွေရဲ့ စိတ်ခံစားမှုတွေကို ဖော်ပြရမှာပဲ။ ပြည်သူတွေရဲ့ ဘဝရဲ့တိုက်ပွဲကို အမြဲမပြတ် ရှုမြင်မှတ်သားမှု၊ တွေ့ကြုံမှု၊ လေ့လာမှု၊ ခွဲခြမ်းစိတ်ဖြာမှု ပြုနေမှသာ နိမိတ်ပုံများကို ဖန်ဆင်းနိုင်မယ်။ ပီပြင်၊ ခိုင်မာ၊ ပေါ်လွင်တဲ့ ခံစားမှုပစ္စည်းတွေ အမြောက်အမြားထဲကသာ နိမိတ်ပုံတွေ စစ်ထုတ်နိုင်တယ်။ အသက်ဝင်ခိုင်မာတဲ့ နိမိတ်ပုံမပါဘဲ ဖန်ဆင်းစိတ်ကူးမှုမရှိနိုင်ဘူး။ နိမိတ်ပုံကို ပယ်ရာမှာ ဒီပညာရပ်တွေဟာ ခေတ်ရဲ့ စာပေအနုပညာ အတွေးအခေါ်ကို ပယ်တာပါပဲ။

၁၀ နှစ်များဆီလောက်ကပဲ မော်က ခေတ်ပေါ်ကဗျာဟာ ထိမိရမယ်။ ရစ်သမ်ရှိရမယ်။ ပါဒအလျားဟာ အနည်းနဲ့အများ အတူတူရှိသင့်တယ်။ ခေတ်ပေါ်ကဗျာ ပြုပြင်ရေးမှာ အခက်အခဲများရှိမယ်။ ခေတ်ပေါ်ကဗျာကို လူထုတေးသံနဲ့ ဂန္ထဝင်ကဗျာများကနေ ဖွံ့ဖြိုးတိုးတက်ယူရမယ်လို့ ညွှန်ပြခဲ့ဖူးတယ်။ ခေတ်ပေါ်ကဗျာ ပေါ်ထွန်းပြီး အနှစ် ၆၀ အတွင်းမှာ ဒီပြဿနာ ဖြေရှင်းရေး မအောင်မြင်သေးဘူး။ ဒါကို အလေးအနက် စဉ်းစားကြရမယ်။ ခေတ်ပေါ်ကဗျာဟာ လူထုတေးသံနဲ့ ဂန္ထဝင်ကဗျာလို တိုရမယ်၊ တိကျရမယ်၊ ပီပြင်ရမယ်၊ အသက်ဝင်ရမယ် ဖြစ်ပေမယ့် နှစ်ခုစလုံးနဲ့ပဲ ကွာခြားတယ်။ လူထုတေးသံနဲ့ ဂန္ထဝင်ကဗျာကနေ အာဟာရယူ၊ ပုံသဏ္ဍာန်တွေ ပြုပြင်ယူပြီး ပြည်သူလူထုက မြတ်နိုးတဲ့

mgyoe.com

mgyoe.com



ကဗျာအမျိုးအစားသစ်တစ်ရပ်အဖြစ် တိုးတက်ဖွံ့ဖြိုးလာစေရမယ်။ နီးကပ်တဲ့ အနာဂတ်အတွင်း တရုတ်ကဗျာနဲ့ အနုပညာမှုချ ထွန်းကားလာရမယ်လို့ ဆွေးနွေးပွဲတက်ရောက်သူများက တင်ပြကြပါသတဲ့။

❐

mgyoe.com

mgyoe.com

# ကာရန်မဲ့ကဗျာရဲ့ ဂယက်

တစ်လောကပဲ မိတ်ဆွေ စာရေးဆရာတစ်ဦးရဲ့ စာပေဆွေးနွေးပွဲ (မောင်စွမ်းရည်နဲ့ပွဲ) ကို ရောက်သွားတော့ ဆွေးနွေးပွဲတစ်ခုလုံးကို လွှမ်းမိုးနေတာဟာ ကာရန်မဲ့ကဗျာဖြစ်နေကြောင်း တအံ့တသြ သွားတွေ့ရတယ်။ အရင်က နှစ်စဉ်နှစ်တိုင်း ကျွန်တော်တို့ အနယ်နယ်အရပ်ရပ်ကို စာပေဟောပြောပွဲ၊ စာပေဆွေးနွေးပွဲ ရောက်သွားတိုင်းမှာလည်း ဒီပြဿနာပဲ ဒိုင်ခံပြောကြရ ဖြေရှင်းဆွေးနွေးခဲ့ကြရတယ်။ အညာကျေးလက်မှာ၊ အောက်ပြည်အောက်ရွာမှာ၊ ရှမ်းပြည်နယ်တောင်တန်းမှာ၊ ကရင်နီတို့ရဲ့ ဒေသမှာ။

ကာရန်မဲ့ကဗျာအကြောင်း ဆွေးနွေးကြသူတွေထဲမှာ တချို့တော့ ဖြင့် ဆိုင်ရာပြဿနာတွေကို ကျကျနန လေ့လာထားကြတာရှိပါရဲ့။ တချို့ကတော့ (အများစုကတော့) အဲသလို မရှိကြဘူး။ နားစွန်နားဖျား ကြားဖူးတာလောက်ပဲ ဖြစ်နေကြတယ်။ သူတို့က ကာရန်မဲ့ကဗျာပါလို့ နမူနာ ထုတ်ပြတဲ့ ကဗျာကိုက ကာရန်နဲ့ ကဗျာ ဖြစ်နေတယ်။ ဥပမာ–

mgyoe.com

mgyoe.com



မောင်စွမ်းရည်ရဲ့ကဗျာတစ်ပုဒ်ကို ထုတ်ပြပြီး ကာရန်မဲ့တယ်လို့ ဆွေးနွေးသူတစ်ဦးက ဆိုလာတယ်။

ရှေးအပြောနဲ့ ပြောရရင်
အချောအလှအယဉ်မှာ
ဥမ္မာဒန္တီ
စံတည်ငြီလို့
ဆိုပါစို့။

ဒီကဗျာမှာ ကာရန်တွေပါလိုက်တာ များလွန်းတောင်နေသေးတယ်။ တချို့နေရာတွေမှာ ကာရန်စနစ်ထဲမှာ အမြင့်မားဆုံး နသောထပ်ကာရန်တောင် ဖြစ်နေတယ်။ စစချင်း 'ရှေးအပြောနဲ့ ပြောရရင်' နဲ့ 'အချောအလှအယဉ်' က နသောထပ်လုနီးနီးဖြစ်တယ်။ ဒုတိယ ပါဒက 'မှာ' ကို တတိယပါဒက 'မာ' နဲ့ ကာရန်သွယ်ထားတယ်။ တတိယပါဒက 'ဒန္တီ' နဲ့ စတုတ္ထပါဒက 'စံတည်ငြီ' ဟာ နသောထပ်နေတယ်။ စတုတ္ထပါဒက 'လို့' ကို ပဉ္စမပါဒက 'စို့' နဲ့ ကာရန်ယူထားတယ်။

ကာရန်မဲ့ပါတယ်ရယ်လို့ အစောဆုံး အစွပ်စွဲခံရတဲ့ ကဗျာကတော့ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ကျွန်တော်ရေးခဲ့တဲ့ ကဗျာတစ်ပုဒ်ပါပဲ။

ဤကလေး၊
ဆင်သွေး နုဖတ်၊
အဝတ်မြင်ဖွယ် မကောင်း၊
ကျောင်းမနေနိုင်၊
ဝမ်းစာကိုယ်တိုင် ကျောင်းနေရရှာ၏။

ဒီကဗျာမှာလည်း ကာရန်အပြည့်ပါတယ်။ ပထမပါဒ 'လေး' ကို ဒုတိယပါဒ 'သွေး' နဲ့ ကာရန်ယူထားတယ်။ ဒုတိယ 'ဖတ်' ကို တတိယ 'ဝတ်' နဲ့။ တတိယ 'ကောင်း'ကို စတုတ္ထ 'ကျောင်း' နဲ့၊ စတုတ္ထ

mgyoe.com

mgyoe.com



'နိုင်' ကို ပင်မ 'တိုင်' နဲ့ အသီးသီး ကာရန် ချိတ်ထားတာချည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလောက်သိသာတဲ့ ကာရန်တွေကိုပဲ ကဗျာပညာရှင်ကြီးတွေဟာ ဝေဖန်ချင် လောအားကြီးနေလို့ပဲလား မသိ မမြင်နိုင်ကြဘူး။

တစ်ခုပဲရှိတယ်။ တစ်ပါဒ တစ်ပါဒမှာ ပါဝင်တဲ့ အက္ခရာ အရေအတွက်ကဖြင့် သမားရိုးကျအတိုင်း လေးလုံးတစ်ပါဒ မဟုတ်တော့ဘူး။ လေးလုံးဖြစ်ချင်လည်း ဖြစ်မယ်၊ သုံးလုံးဖြစ်ချင်လည်း ဖြစ်မယ်။ ငါးလုံးဖြစ်ချင်လည်း ဖြစ်မယ်။ ဒီထက် ပိုချင်လည်း ပိုမယ်၊ လျော့ချင်လည်း လျော့မယ်။ ဒါပဲ။ ဒါက လွဲရင် ကာရန် မပျက်ဘူး။ ကာရန်ပါတယ်။

ကျွန်တော့်ကဗျာကို ကာရန်မပါဘူးလို့ ပြောတဲ့ ပုဂ္ဂိုလ်ကြီးဟာ ဆိုရင် နှယ်နှယ်ရရ မဟုတ်ဘူး။ သူကိုယ်တိုင် ရှေးရိုးစဉ်လာ ကဗျာတွေကို မကြာမကြာ ရေးဖွဲ့လေ့ရှိပြီး သူ့ကိုယ်သူ ကဗျာရေး ကျင်လည်လှချည်ရဲ့လို့ အထင်ရောက်နေသူတစ်ဦးဖြစ်တယ်။ (အများကတော့ သူ့ကို ကဗျာဆရာလို့ အသိအမှတ်မပြုကြဘူး။ ဝတ္ထုရေးဆရာလို့ပဲ သိကြပါတယ်) ဒါပေမဲ့ ထင်မယ့်သာ ထင်တယ်။ သူ့မှာ ကာရန်နား၊ ကာရန်မျက်စိ မရှိရှာဘူးလို့ပဲ ဆိုရမယ်။ သူတင်တော့ မဟုတ်ဘူး။ ကဗျာစကားတွေ တွင်တွင်ပြော။ ကဗျာတို ကဗျာစတွေ တွင်တွင်ရေးနေပါလျက်ကနဲ့ ကာရန်နား၊ ကာရန်မျက်စိမရှိသူတွေ အများကြီး တွေ့ဖူးပါတယ်။ သူတို့ဟာ လူတိုင်းသိတဲ့ လေးလုံးစပ် လက်ာကာရန်ယူနည်းက လွဲရင် ကာရန်စနစ်ကို မမြင်စွမ်းတော့တဲ ဒုက္ခရောက်ကုန်တာများတယ်။ ဇာတ်ပွဲတွေမှာ၊ အလှူမင်္ဂလာတွေမှာ စာနယ်ဇင်းတချို့မှာ အဲသလို ပုဂ္ဂိုလ်တွေက တေးထပ်တို့ သံချိုတို့ စပ်ထားရာမှာ ကာရန်ပျက်နေတာကို မကြာမကြာ တွေ့ကြရတယ်။ မြန်မာစာ၊ မြန်မာကဗျာကို အတော်လိုက်စားတဲ့ ကိုယ်တိုင်လည်း ကဗျာရေးတဲ့ ကျောင်းသူတစ်ဦးက ဘောလယ်ဆိုတာ ဘယ်လိုကာရန်ယူတာပါလဲလို့ တစ်ခါက ကျွန်တော့်ကို မေးဖူးတယ်။

mgyoe.com

mgyoe.com

စိန်ခြူးကြာညောင်၊
လရောင် လင်းပါလို့၊
မှန်ရွှေပြူတင်းက၊
မယ်ခုမျှော်၊
သုံးချက် စည်တော်၊
ရိုက်ဆော် ညင်းတယ်(လေး)
လင်းပြန်လုနော်။

ကာရန်နား၊ ကာရန်မျက်စိ ရှိသူတစ်ဦးအဖို့က ဘာကဗျာဖွဲ့နည်းကျမ်းကိုမှ နှီးနှောနေစရာ မလိုဘူး။ ကြည့်လိုက်ရုံနဲ့၊ ကြားလိုက်ရုံနဲ့ ဘောလယ်မှာဖြစ်ဖြစ်၊ တေးထပ်မှာဖြစ်ဖြစ်၊ လွမ်းချင်း၊ တျာချင်းမှာပဲ ဖြစ်ဖြစ် ကာရန်စနစ်ကို အလွယ်နဲ့ သိမြင်နိုင်ပေတယ်။ ကဗျာဖွဲ့နည်းကျမ်းဆိုတာ ကဗျာဆရာ မဖြစ်လာနိုင်တဲ့ လူတွေအတွက် ရေးရတဲ့ စာအုပ်မျိုးဖြစ်တယ်။ ကာရန်မဲ့ကဗျာကို ပုတ်ခတ်နေသူတွေမှာ သူတို့ကိုယ်တိုင်ကာရန်အကြောင်း မသိသူတွေက အများစုဖြစ်နေတယ်။

မကြာမီက ကျွန်တော်ဟာ အာကာဒဲမိက လုပ်ငန်းတစ်ခုမှာ အသုံးပြုလိုတဲ့အတွက် မိုးဝေမဂ္ဂဇင်းတွေမှာ၊ စာစောင်မျိုးစုံမှာ စာအုပ်ငယ်လေးတွေမှာ ကာရန်မဲ့ကဗျာ နမူနာတချို့ ရှာကြည့်တယ်။ အဲသလို လက်တွေ့ရှာကြည့်တော့မှ လား . . . လား ကျွန်တော်တို့ မြန်မာစာပေမှာ ကာရန်မဲ့ကဗျာဟာ အတော်ကို ရှားပါးနေသေးတာကို တွေ့ရတော့တယ်။ ကျွန်တော့်စာတမ်းမှာ သုံးဖို့ ကာရန်မဲ့ကဗျာ နှစ်ပုဒ်ပဲ ရတယ်။

ကာရန်မဲ့တယ်ဆိုတာ ကာရန်မပါတာကို ဆိုလိုတယ်။ ကာရန်မပါတဲ့ ကဗျာကနေ့ မြန်မာစာပေမှာ မရှိသေးဘူးဆိုရမလောက်ပဲ။ နိုင်ငံခြားကဗျာကို ဘာသာပြန်ရာမှာသာ အများဆုံးတွေ့ရတယ်။ ဒါလည်း မူရင်းကဗျာကို ပြန်ပြီး ကဗျာမပြုနိုင်လို့ စကားပြေနဲ့ ရေးချထားတာ

mgyoe.com